# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၆၁)


## နိုင်ငံ့ဝန်ထမ်းရွေးချယ်ရာ၌ ပြည့်စုံရမည့်အင်္ဂါရပ်များ

ဗုဒ္ဓမြတ်စွာဟော ကျမ်းဂန်များနှင့် နီတိကျမ်းများပါ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားရာတွင် အောက်ပါအင်္ဂါရပ်များနှင့်ပြည့်စုံမှသာ နိုင်ငံတော်အတွက် ဝန်ထမ်းကောင်းများရရှိပြီး တိုးတက်ကြီးပွားလာမည်ဖြစ်ပါသည်။

– အကြားအမြင် ဗဟုသုတရှိခြင်း၊
– ကိုယ် နှုတ်အမူအရာယဉ်ကျေး၍ တင့်တယ်သောရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံခြင်း၊
– ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်ခြင်း၊

စာမျက်နှာ ၅ ကော်လံ ၁ ■

# ပခုက္ကူခရိုင် ဒေသဝမ်းစာဖူလုံရေး စိုက်ပျိုးမြေဧက ၅၀၀ ကို အကျိုးပြုမည့် နိုင်ငံတော်၏ ၁၈၉ ခုမြောက် မြေခဲတောင်ရေလှောင်တမံဖွင့်လှစ် လူမှုစီးပွားရေးဘဝ အကျိုးရှိစွာ အသုံးချသွားနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်

**နေပြည်တော် စက်တင်ဘာ ၂၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်း ဆည်မြောင်းဦးစီးဌာနက ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသော မြေခဲတောင်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

စာမျက်နှာ ၇ ကော်လံ ၁ *

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

### ရေစကြိုမြို့နယ် မြေခဲတောင်ရေလှောင်တမံ

**မကွေးတိုင်း ရေစကြိုမြို့နယ်ရှိ မြေခဲတောင်ရိုးချောင်းကိုပိတ်၍ တည်ဆောက်ထားသည့် မြေခဲတောင်ရေလှောင်တမံကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

29-9 (01) 1 9/29/06, 12:55 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

# ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးရေး လျှပ်စစ်ဓာတ်အားစီမံကိန်းများ အချိန်မီပြီးစီးရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတို့တွင် အခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုကို အဓိက အထောက်အကူပြုသည့် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ပေးလျက်ရှိသည်။

သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားစက်ရုံများနှင့် ရေအားလျှပ်စစ်ဓာတ်အား စက်ရုံများ ထူထောင်၍ လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိပြီး နိုင်ငံတော်၏ ရေ၊ မြေ၊ သဘာဝသယံဇာတ အခြေအနေအရ ရေအားလျှပ်စစ်ဖွံ့ဖြိုးရေး စီမံကိန်းများစွာကို တည်ဆောက်နိုင်သည့် အခြေအနေများရှိနေသည်။

မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲ-ယမန်းကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်တွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။ ခေတ်မီစက်ယန္တရားများ၊ စက်ကိရိယာများအသုံးပြု၍ အလျားပေ၂၀၀၀ ကျော်ရှည်သည့် ကွန်ကရစ်တမံအမျိုးအစား ပင်မတမံကြီးကို တည်ဆောက်နေသည်။

ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၃၅ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး စီမံကိန်းတစ်ခုလုံး ပြီးစီးပါက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်ဖြန့်ဖြူး ပေးသွားနိုင်မည်ဖြစ်သည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်၌ ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ၃၈ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ခန့် ထုတ်လုပ်နိုင်မည် ဖြစ်သည်။

လျှပ်စစ်စွမ်းအားသည် နိုင်ငံ၏ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး ဖော်ဆောင်ရာတွင် အဓိကဆက်စပ်အရေးပါလျက်ရှိသည်။ ယနေ့အချိန်အခါတွင် ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည်လည်း မြင့်မားလာခဲ့သည်။ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစီမံကိန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကထိန်အလှူမင်္ဂလာ

ရန်ကုန် စက်တင်ဘာ ၂၈

ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေတုအမှူးပြုသော စာချ၊ စာသင်သံဃာတော် အရှင်မြတ်တို့အား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၈ခု သီတင်းကျွတ်လပြည့်ကျော် ၁ ရက်) ၇-၁၀-၂၀၀၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် မဏ္ဍလာကံယုံကျောင်း သာသနာလင်္ကာရ စာသင်တိုက် ရေတာရှည်လမ်းဟောင်း ကြားတောရရပ်ကွက် ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ ကထိန် သင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(က-ပ)**

## မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူး၊ဌာန |
|---|---|
| (က) ဦးမြတ်မော် | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (ခ) ဦးဆန်းထွန်း | ညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်များဦးစီးဌာန ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (ဂ) ဦးကျော်ငွေး | ညွှန်ကြားရေးမှူးချုပ် ပင်စင်ဦးစီးဌာန ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ရာထူး၊ဌာန | ခန့်ထားသည့်ရာထူး၊ဌာန |
|---|---|
| (က) ဒေါက်တာမြင့်သောင်း ဒုတိယပါမောက္ခချုပ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ပါမောက္ခချုပ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) ဦးတင်အောင် အင်ဂျင်နီယာချုပ် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန |

## မြဝတီရုပ်မြင်သံကြား

၂၉-၉-၂၀၀၆ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄:၁၅ | ၄။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၄:၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၃။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆:၄၀ | ၁၄။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွမ်းမပြေ"** (အပိုင်း-၃) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | **သံဃာ့ဂုဏ်ရည်မြတ်လယ်တီ** -သရဏဂုံတော်ကြီး |
| | ၁၉။ | စိုက်ပျိုးသုတ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့ တက်လူ"** (အပိုင်း-၁၀) |

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က နေပြည်တော် ခုတင်(၁၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံသို့ ငွေလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၈

**ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် လယ်ဝေးမြို့ ပြည်သူ့ဆေးရုံသို့ သမားတော်၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်၊ ကလေးအထူးကု၊ မျက်စိအထူးကု၊ သွားအထူးကုနှင့် မေ့ဆေးအထူးကု ဆရာဝန်ကြီးများအဖွဲ့သည် ဩဂုတ် ၆ ရက်က ကွင်းဆင်းဆေးကုသရာ လူနာ ၁၀၃၆ ဦးအား စစ်ဆေးကုသခဲ့ပြီး နေပြည်တော် ခုတင်(၁၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံသို့ လွှဲပြောင်း ကုသရန်လိုအပ်သော လူနာ ၁၁၄ ဦး အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်က အလှူငွေထပ်မံလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ခုတင်(၁၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံ၌ ကျင်းပသည်။**

### တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကြင်ခိုင်၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်း၊ ပြန်ကြားရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်ဝင်းနှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က အလှူငွေလှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် ၁၃ သိန်းကိုပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

### လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အဖွဲ့ဝင်များသည် ခုတင်(၁၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံ၌ တက်ရောက် ကုသမှုခံယူနေသော လူနာများအား လှည့်လည်ကြည့်ရှုအားပေး စကားပြောကြားကြသည်။ **(ယာပုံ)** ယင်းလူနာများ ဆေးရုံတက်ရောက် ကုသမှုခံယူရန်အတွက် လယ်ဝေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က လိုအပ်သည်များကို ပူးပေါင်းစီစဉ်ပေးကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လယ်ဝေးမြို့နယ်သို့ ကွင်းဆင်းကုသစဉ်က ပထမအကြိမ်အဖြစ် ငွေကျပ်ရှစ်သိန်းကို လှူဒါန်းခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် ဆေးရုံတက်ရောက်ကုသခံယူသူများအတွက်ငွေကျပ် ၁၃သိန်း ထပ်မံလှူဒါန်းရာ စုစုပေါင်း ငွေကျပ် ၂၁သိန်းလှူဒါန်းပြီး ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း အဆိုပါ လူနာများအတွက် လိုအပ်သည့် မေ့ဆေး၊ ဓာတ်မှန်နှင့် ဓာတ်ခွဲစမ်းသပ်မှုများအတွက် အခမဲ့စစ်ဆေး ကုသပေးသည်။ ယမန်နေ့က ဆေးရုံတက်ရောက်ကုသမှုခံယူသည့်လူနာ၂၀ဖြစ်ပြီး ဆက်လက်ကုသပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွက်လာရေးအတွက် အခြေခံမူများရေးဆွဲရန် အမျိုးသားညီလာခံကြီးကို အောက်တိုဘာ ၁၀ ရက်တွင် ပြန်လည်ကျင်းပရန်ရှိ

● *ကျော်ဖုံးမှ*

## အမြဲထာဝရသတိရ

ကျွန်တော်အနေနဲ့ ဒီအခါသမယမှာ ကမ္ဘာ့ကုလသမဂ္ဂကြီးအတွက် လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်း သိသာထင်ရှားပြီး အပြုသဘောဆောင်တဲ့ ပြောင်းလဲမှုတွေ ဆောင်ကြဉ်းပေးခဲ့တဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်ကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း ဖော်ပြပြောကြားလိုပါတယ်။ နိုင်ငံတကာ အသိုက်အဝန်းအတွက် မစ္စတာကိုဖီအာနန်ရဲ့ မဆုတ်မနစ် တစိုက်မတ်မတ် ဆောင်ရွက်ပေးမှုများကို ကျွန်တော်တို့အားလုံးက အမြဲထာဝရသတိရနေကြမှာ ဖြစ်ပါတယ်။

ကုလသမဂ္ဂ ပြုပြင်ဖွဲ့စည်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေခြင်းဟာ ယနေ့ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ အခက်အခဲများကို ကျော်လွှားနိုင်ဖို့အတွက် လိုအပ်ချက်ဖြစ်ပြီး ဒီလုပ်ဆောင်ဆဲလုပ်ငန်းစဉ်ကို အချိန်နဲ့အမျှ သုံးသပ်သွားဖို့လည်းလိုအပ်ပါတယ်။ ကျွန်တော်တို့ဟာ လူ့အခွင့်အရေးကောင်စီနဲ့ ငြိမ်းချမ်းမှုတည်ဆောက်ရေးကော်မရှင် ထူထောင်ရေးတို့မှာ အထင်အရှား အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း အခြားဆောင်ရွက်ရန်ကိစ္စ အများအပြားကျန်ရှိပါသေးတယ်။

ကုလသမဂ္ဂပြုပြင်ဖွဲ့စည်းရေးကို အောင်အောင်မြင်မြင် လုပ်နိုင်တယ် မလုပ်နိုင်ဘူးဆိုတာဟာ အဖွဲ့ဝင်နိုင်ငံများရဲ့ မျက်မှောက်ခေတ် လိုအပ်ချက်များ၊ အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံအများဖြစ်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ လိုအပ်ချက်များကို ထိရောက်စွာ အရေးယူဆောင်ရွက်ပေးနိုင်ခြင်း ရှိ-မရှိဆိုတာနဲ့ တိုင်းတာရမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် နိုင်ငံအများအပြားတို့ဟာ အများစုလုပ်ပိုင်ဆုံးဖြတ်ခွင့်ရှိနိုင်ရန် လုပ်ထုံးလုပ်နည်းနဲ့ အခြေခံမူများကို ကာကွယ်ခြင်း၊ ဖွံ့ဖြိုးအောင်လုပ်ခြင်းစသည်တို့နဲ့ လုံးပမ်းနေတဲ့အချိန်မှာ တစ်နိုင်ငံတည်းက လုပ်ကိုင်ဆုံးဖြတ်လိုတဲ့ သဘောထားဟာ သိသိသာသာကျန်ရှိနေတာကို တွေ့ရပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီး ဆက်လက်စွမ်းဆောင်နိုင်ဖို့ဆိုတာမှာ ဒီလို အကျိုးမပြုတဲ့ သဘောထားတွေ ကျယ်ပြန့်မလာဖို့လိုပါတယ်။

## ရန်လိုတဲ့သဘောထား

**အင်အားတောင့်တင်းပြီး ဩဇာကြီးမားတဲ့ နိုင်ငံအချို့က အင်အားနည်းပါးတဲ့ နိုင်ငံငယ်များကို နိုင်ငံရေးအရ သူတို့အလိုကျဖြစ်အောင် ကြိုးပမ်းမှုတွေဟာ နိုင်ငံတကာ အသိုက်အဝန်းကြားမှာ ရန်လိုတဲ့ သဘောထားတွေ ပေါ်ပေါက်လာစေနိုင်ပါတယ်။**

**မြန်မာနိုင်ငံဟာ ဒေသအတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေကို လုံခြုံရေးကောင်စီမှာ စဉ်းစားဖို့ အကြောင်းခိုင်လုံမှုမရှိဘဲ ကြိုးစားခြင်းဟာ အဖွဲ့ဝင်နိုင်ငံများရဲ့ လုံခြုံရေးကောင်စီကို အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုရာရောက်ကြောင်း အံ့သြစရာနဲ့ စိတ်ပျက်ဖွယ်ရာ တွေ့ရပါတယ်။ ဒီလိုစွပ်စွဲခြင်းဟာ အမှန်တရားနဲ့ များစွာ အလှမ်းဝေးလှပါတယ်။ မြန်မာနိုင်ငံဟာ အခြားမည်သည့် နိုင်ငံတစ်နိုင်ငံရဲ့ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်စေမည့် လုပ်ရပ်မျိုး မလုပ်ခဲ့တာကြောင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ဖို့ဆိုတာ လုံးဝစဉ်းစားလို့မရပါဘူး။ မြန်မာနိုင်ငံဟာ အိမ်နီးချင်း ငါးနိုင်ငံနဲ့လည်းကောင်း၊ ဒေသတွင်းနိုင်ငံများနဲ့လည်းကောင်း ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးရှိပါတယ်။**

ကုလသမဂ္ဂအဖွဲ့ကြီးကို စတင်ထူထောင်ခဲ့သူများအနေနဲ့ ဒီအဖွဲ့ကြီးကို နိုင်ငံရေး၊ စီးပွားရေး အင်အားကြီးသူနိုင်ငံအချို့က အုပ်စုဖွဲ့ပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအပေါ် ရန်လိုခြင်း၊ မဟုတ်မမှန် အမည်တပ်ခြင်းများ လုပ်ဆောင်တဲ့ မျက်နှာစာတစ်ခုဖြစ်လာဖို့ ရည်ရွယ်ဖွဲ့စည်းခဲ့တာ မဟုတ်ပါဘူး။ ဒါ့ကြောင့် ဒေသတွင်းနဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်စေမှုမရှိတဲ့ နိုင်ငံတစ်နိုင်ငံအပေါ် လုံခြုံရေးကောင်စီမှ အရေးယူ ဆောင်ရွက်စေရန် ဒီအင်အားကြီးနိုင်ငံတွေရဲ့ ကြိုးပမ်းဆောင်ရွက်နေမှုကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဝိုင်းဝန်းဆန့်ကျင်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

## အထူးအရေးကြီး

လုံခြုံရေးကောင်စီ ပြုပြင်ဖွဲ့စည်းရေးနဲ့ ပတ်သက်ပြီး အနည်းငယ်ပြောကြားပါရစေခင်ဗျား။ မြန်မာနိုင်ငံအနေနဲ့ လုံခြုံရေးကောင်စီ အဖွဲ့ဝင် ဦးရေတိုးချဲ့ခြင်းကိစ္စမှာ အမြဲတမ်းရော အမြဲတမ်းမဟုတ်တဲ့ အဖွဲ့ဝင်နိုင်ငံများပါ တိုးချဲ့ခြင်းကို လိုလားပါတယ်။ တိုးချဲ့ပြီးဖြစ်သည့် လုံခြုံရေးကောင်စီအနေနဲ့လည်း ယနေ့ဖြစ်ပေါ် ပြောင်းလဲနေတဲ့ နိုင်ငံရေးနဲ့ စီးပွားရေး အခြေအနေမှန်များကို ထင်ဟပ်ပေါ်လွင်ဖို့ လိုအပ်ပါတယ်။ လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံဦးရေတိုးချဲ့ရေးကိစ္စမှာ ယနေ့အချိန်အထိ သိသာထင်ရှားတဲ့ တိုးတက်မှု မရသေးတာဟာ နက်နဲသိမ်မွေ့တဲ့ကိစ္စဖြစ်တယ်ဆိုတာကို ဖော်ပြနေပါတယ်။ ဒီကိစ္စကြောင့် အဖွဲ့ဝင်နိုင်ငံများအကြား သွေးကွဲမှုတွေ ဖြစ်မလာစေဖို့ အထူးအရေးကြီးပါတယ်။ အဖွဲ့ဝင်နိုင်ငံအများစုက လက်ခံနိုင်တဲ့ အဖြေရရှိတဲ့အထိ တွေ့ဆုံဆွေးနွေးမှုနဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေကို ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

လူ့အခွင့်အရေးကောင်စီရဲ့ ပထမအကြိမ်အစည်းအဝေးကို ဇွန်လအတွင်းက ဂျီနီဗာမြို့မှာ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ယခုဆိုရင် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်အဖြစ် အပြည့်အဝ စွမ်းဆောင်လာနိုင်ရေးကို အရှိန်အဟုန်နဲ့ ကြိုးပမ်းနေခြင်းဟာ များစွာအားရဖွယ်ဖြစ်ပါတယ်။ အဲဒီ အစည်းအဝေးမှာ အဆင့်မြင့်ပုဂ္ဂိုလ်များ တက်ရောက်ပြီး တက်တက်ကြွကြွ ဆွေးနွေးခဲ့ခြင်းဟာ ကျွန်တော်တို့အနေနဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရား ပိုမိုကောင်းမွန်အောင်ပြုလုပ်လိုတဲ့ သဘောထားရှိတာကို ထင်ရှားစေပါတယ်။ သို့သော်လည်း ကောင်စီရဲ့ လုပ်ဆောင်မှုတွေမှာ ဘက်လိုက်မှု မရှိရေး၊ ဦးတည်ချက်မှန်ကန်ရေး၊ ခွဲခြားမှု မပြုရေးတို့ကို အသိစိတ်ရှိရှိနဲ့ လုပ်ဆောင်သွားရန်လိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရား ပိုမိုကောင်းမွန်အောင်ပြုလုပ်လိုတဲ့ သဘောထားရှိသော်လည်း ကောင်စီကို သဘောအတိုင်း လုပ်ပိုင်ခွင့်တော့ပေးထားတာ မဟုတ်ပါဘူး။ ရှေ့မှာဖော်ပြခဲ့တဲ့ အခြေခံမူများကိုကျင့်သုံးပြီး တွေ့ဆုံဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးကိစ္စများကိုဆောင်ရွက်ရာမှာ နိုင်ငံရေးကိုအခြေမခံခြင်းစသည်တို့ဖြင့်သာ ကောင်စီရဲ့လုပ်ငန်းများကို လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ကောင်စီအနေနဲ့ ကျွန်တော်တို့ဖြစ်စေချင်တဲ့ ဦးဆောင်မှုလမ်းစဉ်မှ သွေဖည်မသွားရေးဟာ ကောင်စီအဖွဲ့ဝင်များသာမက ကျွန်တော်တို့ အားလုံးမှာလည်း တာဝန်ရှိပါတယ်။

## ကြိုတင်သတိပေး

အကြမ်းဖက်မှုဟာ နိုင်ငံတကာအသိုင်းအဝိုင်းက အပြီးသတ်နှိမ်နင်းရန် ကြိုးပမ်းမှုများကို ဆက်လက်အန်တုပြီး မကြာသေးခင်ကပဲ မွမ်ဘိုင်းမြို့နဲ့ အခြားနေရာများမှာ ခေါင်းပြန်ထောင်လာခဲ့ပါတယ်။ အကြမ်းဖက်တိုက်ခိုက်မည့် အရိပ်အခြည်တွေ ပေါ်ပေါက်လာတဲ့အခါမှာ ကြိုတင် အသိပေးနိုင်ဖို့ဆိုတာဟာ လူ့အဖွဲ့အစည်းအသီးသီးက ပူးပေါင်းပါဝင်ဆောင်ရွက်မှုသာ ဖြစ်နိုင်မယ်လို့ ထင်မြင်ပါတယ်။ နိုင်ငံတကာရဲ့အကြမ်းဖက်မှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများကို မြန်မာနိုင်ငံက အပြည့်အဝထောက်ခံပါတယ်။ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၇၃(၂၀၀၁)ပါ လိုက်နာအကောင်အထည်ဖော်ရန်ကိစ္စများကို မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြလိုပါတယ်။ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၂၆၁(၁၉၉၁)ပါလိုအပ်ချက်များနဲ့ ပတ်သက်လို့ ဆောင်ရွက်ရန်ရှိတဲ့ကိစ္စရပ်များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ ရင်ဆိုင်နေရတဲ့ အခြားထိတ်လန့်ဖွယ်ပြစ်မှုတစ်ခုကတော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က လူ့အခွင့်အရေးကို အဆိုးရွားဆုံး ချိုးဖောက်မှုတစ်ရပ်ဖြစ်တယ်လို့ ထိရောက်စွာ ရည်ညွှန်းဖော်ပြတဲ့ လူကုန်ကူးမှုပြဿနာပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်း နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ ဒီပြဿနာကိုဖြေရှင်းရန် ကြိုးပမ်းမှုများရှိသော်လည်း နိုင်ငံအစိုးရများအတွက် အလွန်ဆိုးရွားတဲ့ ဒီပြဿနာဟာ ဆက်လက်ကြီးထွားလာလျက်ရှိပါတယ်။ **လူကုန်ကူးမှုပြဿနာဟာ နိုင်ငံတကာဆိုင်ရာ ဆိုးရွားတဲ့ ပြဿနာတစ်ရပ်ဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်းအတွင်း ပူးပေါင်းညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့နဲ့ ဆောင်ရွက်သွားဖို့ လိုအပ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။**

## အမျိုးသားရေးတာဝန်

မြန်မာနိုင်ငံဟာ ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးစာချုပ်နဲ့ နောက်ဆက်တွဲစာချုပ်များဖြစ်တဲ့ အမျိုးသမီး၊ ကလေးသူငယ်များ အပါအဝင် လူကုန်ကူးမှုနှိပ်ကွပ်အပြစ်ပေးရေးစာချုပ်၊ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတို့ဖြင့် ပြောင်းရွှေ့သူများအား ခိုးထုတ်မှုနှိမ်နင်းရေးစာချုပ်တို့ရဲ့ စာချုပ်ဝင်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ အေအိုင်ဒီအက်စ်၊ ငှက်ဖျားနဲ့ တီဘီအဆုတ်ရောဂါတို့ကို နိုင်ငံတော်က အလေးထားဂရုပြုရမယ့်ရောဂါများလို့ သတ်မှတ်ထားပါတယ်။ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးအတွက် ဌာနပေါင်းစုံပါတဲ့ အဆင့်မြင့်အမျိုးသားကော်မတီတစ်ရပ်ကို ၁၉၈၉ခုနှစ်က ဖွဲ့စည်းခဲ့ပါတယ်။ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပညာရေး၊ ကာကွယ်ရေး၊ ကုသရေးနဲ့ ပြန်လည်ထူထောင်ရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်မယ့် ပူးတွဲ လုပ်ငန်းအစီအစဉ်တစ်ရပ်ကို မြန်မာနိုင်ငံ အမျိုးသားအေအိုင်ဒီအက်စ်လုပ်ငန်းအစီအစဉ်နဲ့ ကုလသမဂ္ဂအေအိုင်ဒီအက်စ် ပူးတွဲအစီအစဉ်တို့က ၂၀၀၁ခုနှစ်မှာ ရေးဆွဲ သတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့် အေအိုင်ဒီအက်စ်ရောဂါကူးစက်မှုနှုန်းကို ထိန်းချုပ်နိုင်ခဲ့ရုံမျှသာမက လျော့ကျသွားအောင်ပင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ **မြန်မာနိုင်ငံဟာ ကုလသမဂ္ဂ အေအိုင်ဒီအက်စ် ညှိနှိုင်းရေးအဖွဲ့မှာ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေတဲ့အတွက် အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးကိစ္စများကို နိုင်ငံအဆင့်မှာရော နိုင်ငံတကာအဆင့်မှာပါ ပါဝင်ဆောင်ရွက်နိုင်လျက်ရှိပါတယ်။**

မူးယစ်ဆေးဝါးပြဿနာဟာလည်း ခြိမ်းခြောက်မှုတစ်ခုအနေနဲ့ ယနေ့အခါမှာ ဆက်လက်တည်ရှိနေပါတယ်။ မြန်မာနိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်လျက် ၂၀၁၄ခုနှစ်မှာ မူးယစ်ဆေးဝါး လုံးဝပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ နည်းလမ်းပေါင်းစုံနဲ့ မဆုတ်မနစ်ကြိုးပမ်းမှုကြောင့် ဘိန်းထုတ်လုပ်မှုကို သိသိသာသာကျဆင်းစေခဲ့ပါတယ်။ ၁၉၉၆ခုနှစ်မှ ၂၀၀၄ခုနှစ် ရှစ်နှစ်တာကာလအတွင်း ဘိန်းထုတ်လုပ်မှုဟာ ရာခိုင်နှုန်းအားဖြင့် ၈၈ ရာခိုင်နှုန်း၊ တန်ချိန်အားဖြင့် ၂၅၆၀ တန်မှ ၃၁၂ တန်သို့ ကျဆင်းခဲ့ပါတယ်။

## ထူးခြားသောတိုးတက်မှု

**ကုလသမဂ္ဂနဲ့ပူးပေါင်းဆောင်ရွက်ခြင်းဟာ မြန်မာနိုင်ငံရဲ့ တစ်သမတ်တည်း ကျင့်သုံးခဲ့တဲ့မူဝါဒဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂနဲ့ မယိမ်းမယိုင် ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်ဆိုတာကို အတိတ်သမိုင်းက သက်သေခံလျက်ရှိပါတယ်။**

မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်တင်ရေး၊ ဟန်ချက်ညီမျှစွာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြို့ပြနဲ့ကျေးလက်ဒေသအကြား လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းလာစေရေး စသည့် ရည်ရွယ်ချက်များဖြင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ အဲဒီစီမံကိန်းဟာ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ၏ အဓိက အချက်အလက်များကို ထည့်သွင်းထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ၂၀၁၅ခုနှစ်တွင် ထောင်စုနှစ်ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် ဆောင်ရွက်ရာတွင် အထူးသဖြင့် ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေသန့်နှင့် ကျန်းမာသန့်ရှင်းမှု တိုးတက်ရရှိစေရေး စသည်တို့တွင် ထူးခြားသော တိုးတက်မှုများ ရရှိခဲ့ပါတယ်။ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ရာမှာ ကျွန်တော်တို့အနေနဲ့ မိမိတို့နိုင်ငံရဲ့ အရင်းအမြစ်များကိုသာ အဓိကအားကိုးအားထားပြု၍ ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာကုလသမဂ္ဂအဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကူညီပံ့ပိုးမှုများကိုလည်း ရရှိလျက်ရှိပါတယ်။

နောက်ဆုံးအနေနဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို ညီလာခံသို့ အသိပေးလိုပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၀၃ခုနှစ် ဩဂုတ်လအတွင်းက ကြေညာခဲ့တဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် နိုင်ငံတော်က ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါတယ်။

ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွက်လာရေးအတွက် အခြေခံမူများရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရန် ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ရပ်နားခဲ့သည့် အမျိုးသားညီလာခံကြီးကို အောက်တိုဘာ ၁၀ ရက်မှာ ပြန်လည်ခေါ်ယူကျင်းပရန် ရှိပါတယ်။

## ရှေ့လုပ်ငန်းစဉ်(၇)ရပ်

စင်စစ်အားဖြင့် အုပ်စုတွေရဲ့ ကွဲပြားတဲ့ အမြင်တွေကို မျှတညီညွတ်လာအောင်ဆောင်ရွက်ရေး၊ တစ်ချိန်တည်းမှာပင် တိုင်းရင်းသားလူမျိုးများရဲ့ အကျိုးစီးပွားနဲ့ နိုင်ငံတော်ရဲ့ အကျိုးစီးပွားကို မျှတညီညွတ်အောင် ဆောင်ရွက်ရေးတို့ဟာ အမျိုးသားညီလာခံအတွက် များစွာကြီးလေးတဲ့ တာဝန်ကြီးတစ်ရပ်ဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ အမျိုးသားညီလာခံရဲ့လုပ်ငန်းများ ချောမောလျင်မြန်စွာ ပြီးဆုံးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းတဲ့လုပ်ငန်းကို နိုင်ငံတော်က ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ်(၇)ရပ်နဲ့အညီ ဆက်လက်ပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း အထူးဖော်ပြလိုပါတယ်။

(၂၁)ရာစုရဲ့ စိန်ခေါ်မှုများကို တုံ့ပြန်ရင်ဆိုင်နိုင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အခန်းကဏ္ဍကို ပိုမိုတောင့်တင်းခိုင်မာလာစေရေးအတွက်လည်းကောင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူကြီးများကို စောင့်ထိန်းလိုက်နာရေးအတွက်လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားရန် ကတိကဝတ်ပြုပါကြောင်း ထပ်လောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။ **(သတင်းစဉ်)**

**အင်အားတောင့်တင်းပြီး ဩဇာကြီးမားတဲ့ နိုင်ငံအချို့က အင်အားနည်းပါးတဲ့ နိုင်ငံငယ်များကို နိုင်ငံရေးအရ သူတို့အလိုကျဖြစ်အောင် ကြိုးပမ်းမှုတွေဟာ နိုင်ငံတကာအသိုက်အဝန်းကြားမှာ ရန်လိုတဲ့သဘောထားတွေ ပေါ်ပေါက်လာစေနိုင်။**

# ဗီယက်နမ်၏ ပို့ကုန်ဝင်ငွေများ တိုးတက် ယခုနှစ်၌ ဒေါ်လာ ၃၈ ဘီလီယံရမည်ဟုခန့်မှန်း

ဟနွိုင်း စက်တင်ဘာ ၂၈

**ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမကိုးလတာကာလအတွင်း ပြည်ပသို့ထုတ်ကုန်ပစ္စည်းများ တင်ပို့မှုမှဝင်ငွေ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၄ ဘီလီယံရရှိမည်ဟု မျှော်မှန်းထားကြောင်း၊ ထိုသို့တိုးတက်မှုကြောင့် ဗီယက်နမ်နိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုမှ ဝင်ငွေတိုးတက်မှုသည် နှစ်အလိုက် တိုးတက်မှုမှာ ၂၄ ဒသမ၂ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်နိုင်ငံ၏ ဗဟိုစာရင်းအင်းဌာနမှ စက်တင်ဘာ၂၅ရက်က ထုတ်ပြန်သောစာရင်း၌ ဖော်ပြလိုက်သည်။**

### အမြင့်ဆုံး

ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သည့် ဇန်နဝါရီမှ စက်တင်ဘာလအတွင်း ရော်ဘာတင်ပို့မှုမှ ဒေါ်လာသန်း ၉၅၀၊ ကော်ဖီတင်ပို့မှုမှအမေရိကန်ဒေါ်လာ ၇၈၈ သန်းနှင့် ပင်လယ်အစားအစာ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ဒသမ ၃ ဘီလီယံ ရရှိခဲ့ကြောင်း၊ ၎င်းမှာ ပြည်ပတင်ပို့မှု အမြင့်ဆုံးဝင်ငွေ ဖြစ်ကြောင်း သိရသည်။

### ဆန်တင်ပို့မှု

ထိုကာလအတွင်း ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုမှာ တန်ချိန် ၄ ဒသမ ၁ သန်းကျော်ရှိခဲ့ရာ အမေရိကန်ဒေါ်လာ ၁ဒသမ ၁ ဘီလီယံရှိခဲ့ကြောင်းသိရသည်။ ထိုစဉ်အတွင်း ဗီယက်နမ်နိုင်ငံ အနေဖြင့် ပြည်တွင်းသို့ ကုန်ပစ္စည်း တင်သွင်းမှု အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၈ဘီလီယံခန့် သုံးစွဲခဲ့ရာ အဓိကအားဖြင့် ရေနံထုတ်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ သံမဏိ၊ ဓာတ် မြေဩဇာနှင့် မော်တော်ယာဉ်များ ဖြစ်ကြောင်း၊ ထိုသို့တင်သွင်းမှုအနေဖြင့် ပြီးခဲ့သည့်အလားတူကာလကထက် ၁၉ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

### ခန့်မှန်း

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်က ပြည်ပပို့ကုန်မှ ဝင်ငွေအမေရိကန်ဒေါ်လာ ၃၂ ဒသမ၂ ဘီလီယံရှိခဲ့ရာ ၂၀၀၆ ခုနှစ်တွင် ပြည်ပပို့ကုန်မှ အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံရရှိမည်ဟု ခန့်မှန်းထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကျော်ဂျီယာနိုင်ငံ အက်ဒ်လန်တာမြို့ရှိ အက်ဒ်လန်တာ တိရစ္ဆာန်ဥယျာဉ်အတွင်း မွေးဖွားခဲ့သည့် ၁၉ရက်သားအရွယ် ပန်ဒါဝက်ဝံငယ်လေးအား တိရစ္ဆာန်ဆရာဝန်များက ပြုစုစောင့်ရှောက်မှု ပြုလုပ်ပေးနေသည်ကို စက်တင်ဘာ ၂၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဖိလစ်ပိုင်တွင် မုန်တိုင်းတိုက်ခတ်

**မနီလာ စက်တင်ဘာ ၂၈**

ဖိလစ်ပိုင်နိုင်ငံတွင် စက်တင်ဘာ ၂၆ရက်က ဆင်ရှန်အမည်ရှိ မုန်တိုင်း တိုက်ခတ်ခြင်းခံရကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

### ထိခိုက်ဒဏ်ရာရ

မုန်တိုင်းသည် တစ်နာရီလျှင် ၉၄မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းများ၌ သင်္ဘောများမထွက်ခွာနိုင်သဖြင့် ခရီးသည် ၃၅၀၀ခန့် သောင်တင်ခဲ့ရကြောင်း သိရသည်။ ဖိလစ်ပိုင်တောင်ပိုင်း ဇမ်ဘိုဂါမြို့ရှိ ဆိပ်ကမ်းအနီးတွင် သင်္ဘောတစ်စင်းနစ်မြုပ်မှုဖြစ်ပွားသည့်အတွက် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုကိုမူ သတင်း၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။ **(အင်တာနက်)**

# ဇီဝလောင်စာကဏ္ဍဖွံ့ဖြိုးရေး အင်ဒိုနီးရှား၌ဒေါ်လာတစ်ဘီလီယံကျော်သုံးစွဲမည်

**ဂျကာတာ စက်တင်ဘာ ၂၈**

အရှိန်ရစပြုနေပြီဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၏ ဇီဝလောင်စာဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာမည့်နှစ်တွင် ဇီဝလောင်စာထုတ်လုပ်နိုင်သည့် မြေဧရိယာ ဟက်တာ ငါးသိန်းခန့်ကို အမေရိကန်ဒေါ်လာ ၁ဒသမ ၄ဘီလီယံ အကုန်အကျခံကာ အင်ဒိုနီးရှားအစိုးရက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

### သုံးစွဲမည်

အဆိုပါ မြေဧရိယာများတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးလမ်းများ ဖွံ့ဖြိုးရေးများအတွက် အင်ဒိုနီးရှား ယူပီငွေ ၁၀ထရီလီယံခန့်သုံးစွဲသွားမည်ဖြစ်သည်။ အင်ဒိုနီးရှား အစိုးရအနေဖြင့် ဇီဝလောင်စာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ချေးငွေအမေရိကန်ဒေါ်လာ ၂ဒသမ၂ဘီလီယံခန့်ကိုလည်း ထုတ်ချေးသွားမည် ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ ဇီဝလောင်စာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရာရှိတစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံ၏ လောင်စာဆီ သုံးစွဲမှု၏ ၁၀ရာခိုင်နှုန်းမှာ ဇီဝလောင်စာဆီမှ သုံးစွဲနိုင်မှုဖြစ်စေရန် မျှော်မှန်းထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အလွန်ကြီးထွားသည့်ကလေး တရုတ်နိုင်ငံ၌ စံချိန်တင်မွေးဖွား

**ဥရုမ္ဘီ စက်တင်ဘာ ၂၈**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ချန်ကျီမြို့ရှိဆေးရုံတစ်ရုံ၌ ၅၂ နှစ်တာကာလအတွင်းကိုယ်အလေးချိန်၆ဒသမ ၂ ကီလိုရှိကလေးကို စံချိန်တင်မွေးဖွားခဲ့သည်။

ယင်းကလေးမှာ ယောကျာ်းလေးဖြစ်ပြီး ၎င်းကို စက်တင်ဘာ၂၂ ရက်က မွေးဖွားခဲ့ရာ ချန်ကျီမြို့ အမှတ်(၁) ဆေးရုံ၌ အကြီးဆုံးကလေး ဖြစ်ကြောင်း ၎င်းဆေးရုံအုပ်ကြီး ရန်ချွမ်ယမ်က ပြောကြားသည်။

### ပြောကြား

၎င်းကလေးသည် ၅၅စင်တီမီတာ အရပ်မြင့်သည်။ သားဖွားခန်းမှ မွေးဖွားပေးခဲ့ပြီးနောက် ၎င်းသည် ကျန်းမာစွာရှိနေကြောင်း ဆေးရုံအုပ်ကြီးက ပြောကြားသည်။

မွေးဖွားပြီး ကလေးကို တွေ့လိုက်ရသဖြင့် အံ့အားသင့်မိကြောင်း အသက် ၃၀ရှိ မိခင်ဖြစ်သူ ချန်ယမ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဘယ်လ်ဂျီယံတပ်ဖွဲ့ဝင်များ လက်ဘနွန်ရောက်ရှိ

ဘေရွတ် စက်တင်ဘာ ၂၈

**လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များနှင့်အတူ တာဝန်ထမ်းဆောင်ရန် ဘယ်လ်ဂျီယံ တပ်ဖွဲ့ဝင် ၁၄၀တို့ လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့သို့ စက်တင်ဘာ ၂၇ရက်က ရောက်ရှိလာခဲ့သည်။**

ဘယ်လ်ဂျီယံ တပ်ဖွဲ့ဝင်များသည် လက်ဘနွန်နိုင်ငံ တောင်ပိုင်းဒေသများတွင် တပ်ဖြန့်ချရန်အတွက် ဘေရွတ်မြို့၌ စောင့်ဆိုင်းနေရလျက်ရှိသည်။ ၎င်းတပ်ဖွဲ့ဝင်များသည် လက်ဘနွန်တောင်ပိုင်း၌ ရောက်ရှိနေသော ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်သည်။

### စီစဉ်ဆောင်ရွက်

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့၏ ၃၄ရက်ကြာ အပြန်အလှန်တိုက်ခိုက်မှု ၃၄ရက်ကြာ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း လက်ဘနွန်တောင်ပိုင်းတွင် ကုလသမဂ္ဂ တပ်ဖွဲ့ဝင် ၁၃၀၀၀ကျော် ဖြန့်ချရန် ကုလသမဂ္ဂက စီစဉ်ဆောင်ရွက်ခဲ့သည်။

### ရုပ်သိမ်းမည်

လက်ဘနွန်တောင်ပိုင်းရှိ အစ္စရေးတပ်ဖွဲ့ဝင်များလည်း အားလုံးရုပ်သိမ်းမည်ဖြစ်ကြောင်း ပြီးခဲ့သည့် သီတင်းပတ်ကုန်က အစ္စရေးအရာရှိ တစ်ဦးက ပြောကြားခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**




**ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ရှေးဟောင်းကားပြပွဲကျင်းပရာ ၁၉၃၆ခုနှစ်က ထုတ်လုပ်သည့် ဖို့ဒ်ကားအမျိုးအစားတစ်စီးကို စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

### ကယ်ဆယ်ရေးဆောင်ရွက်

**ဖိလစ်ပိုင် တောင်ပိုင်း ဇမ်ဘိုဂါ ဆိပ်ကမ်းအနီးတွင် သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည်ကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ထိုင်းနိုင်ငံတွင် နိုင်ငံခြားရေးမူဝါဒ မပြောင်းလဲ

ဂျီနီဗာ စက်တင်ဘာ ၂၈

**ထိုင်းနိုင်ငံအနေဖြင့် ယခင်ချမှတ်ထားခဲ့သော နိုင်ငံခြားရေးမူဝါဒကို တစ်စုံတစ်ရာ အပြောင်းအလဲပြုလုပ်မည်မဟုတ်ကြောင်း၊ စစ်ဘက်အာဏာသိမ်းမှုသည် နိုင်ငံခြားရေးမူဝါဒအပေါ် အကျိုးသက်ရောက်မှု ရှိမည်မဟုတ်ကြောင်း ထိုင်းသံတမန်တစ်ဦးက စက်တင်ဘာ ၂၇ရက်၌ ပြောကြားလိုက်သည်။**

ထိုင်းနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်လျက် ရှိကြောင်းလည်း ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ထိုင်းသံအမတ် ခမ်ယန်လောဟာဖန်က ပြောကြားသည်။

### ပြောကြား

ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကို ရေးဆွဲပြီးပါက ရွေးကောက်ပွဲများ အမြန်ဆုံး ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်းလည်း အဆိုပါထိုင်းသံအမတ် ခမ်ယန်လောဟာဖန်က ပြောကြားသည်။

### ဆက်လက်ပြဋ္ဌာန်း

ထိုင်းနိုင်ငံတွင် မာရှယ်လော ဥပဒေကို ဆက်လက်ပြဋ္ဌာန်းထားသော်လည်း လက်ရှိအချိန်၌ နိုင်ငံခြားရေးမူဝါဒအနေဖြင့် ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

### ရှု့ဖုံးမှ

- ရဲရင့်သူ(ရဲစွမ်းသတ္တိရှိသူ)ဖြစ်ခြင်း၊
- ဖွဲ့ လုံ့လ ဝီရိယရှိခြင်း၊
- အမှုကိစ္စတာဝန်ကျေအောင် ထမ်းဆောင်သူဖြစ်ခြင်း၊
- ကာယဗလ၊ ဉာဏဗလ ဖွံ့ဖြိုးခိုင်မာခြင်း၊
- ဥစ္စာကို မမက်မောခြင်း။

ဤအထက်ဖော်ပြပါ ဂုဏ်အရည်အချင်းများနှင့် ပြည့်စုံသူတို့ကိုသာ ဝန်ထမ်းအဖြစ် ရွေးချယ်ရန် **"မဃဒေဝလင်္ကာသစ်"**အဖွင့်ကျမ်းတွင် မှတ်သားရလွယ်ကူရန် အောက်ပါအတိုင်း လင်္ကာဖြင့် ဖော်ပြထားပါသည်-

**"မြင်ကြားရှိခြင်း၊ အဆင်းအကျင့်**
**ရဲရင့်လုံ့လ၊ ကိစ္စပြီးစီး**
**အားကြီးခိုင်မာ၊ ဥစ္စာမမက်**
**ရှစ်ချက်အင်ကြုံ၊ ကုံလုံပြီးသူ**
**ထိုသည့်လူကို ကောက်ယူရွေးချယ်ပါကုန်လော့"**

ဟု ညွှန်ပြခဲ့သည်။

ပညာအရည်အချင်း(ဉာဏဗလ)မရှိ၊ ရဲစွမ်းသတ္တိကင်း ညံ့ဖျင်းသူ၊ ဗဟုသုတနည်းပါး၍ ကိုယ်ကျင့်တရားပျက်ပြားသူတို့ကို အရည်အချင်းမရှိဘဲ နီးစပ်ရင်းနှီးမှုအရ ဝန်ထမ်းများအဖြစ် ခန့်ထားမိပါက နိုင်ငံပျက်ပြားဖို့သာ ဖြစ်၏။ ကိုယ်ရှုတ်အမှုအရာ မယဉ်ကျေးသော ဝန်ထမ်းများကြောင့် အုပ်ချုပ်သူများနှင့် ပြည်သူတို့အကြား စိတ်ဝမ်းကွဲပြားမှု ပြဿနာများပင် ပေါ်လာနိုင်၏။

ထိုကဲ့သို့သော **"လူမွှေယောက်ျား၊ မင်းစေများ"**ကို **"ပြည်သူ့မီးပွား"**ဟု ဆိုရ၏။ ဆန္ဒာဂတိလိုက်၍ဖြစ်စေ၊ တံစိုးလက်ဆောင်စား၍ဖြစ်စေ ထိုပြည်သူ့မီးပွားတို့ကို နိုင်ငံဝန်ထမ်းများအဖြစ် အရွေးမမှားစေရန် အထူးသတိထားရပေမည်။ ။ **(သာသနာရေး)**

## မိုးကောင်းအသင်း(ရန်ကုန်) ဒုတိယအကြိမ်ကထိန်သင်္ကန်းကပ်လှူပွဲ

**ရန်ကုန် စက်တင်ဘာ ၂၈**

မိုးကောင်းအသင်း (ရန်ကုန်)က ကြီးမှူး၍ အဖွဲ့နာယကဆရာတော်ကိုးပါးကို နေ့ဆွမ်းဆက်ကပ်၍ ဒုတိယအကြိမ် ကထိန်သင်္ကန်းဆက်ကပ်ပွဲ၊ အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ၂၂ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ကျောက်စိမ်းတွင်း ဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။ မိုးကောင်းနယ်သူနယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်ရသေးသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသည့် မိုးကောင်းအသင်း(ရန်ကုန်)မှ အသင်းဝင်များ၏ သားသမီးများ အမှတ်စာရင်း မိတ္တူနှင့် ကထိန်အတွက်လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဦးမောင်ကြီး ဖုန်း-၂၄၁၇၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးယုတင် ဖုန်း-၀၉-၅၁-၆၄၅၉၈၊ ဦးခင်မောင်အေး ဖုန်း-၂၉၆၇၂၉၊ ဦးချစ်မောင် ဖုန်း-၅၀၃၁၉၈၊ ဦးတင်မောင်အုန်း ဖုန်း-၅၃၉၂၈၇၊ ဦးအောင်သိန်း ဖုန်း-၃၈၃၉၄၆၊ ဦးတင်ဆိုက်ဖုန်း- ၂၂၄၅၉၁၊ ဒေါ်ဆွေဆွေကြည် ဖုန်း-၅၁၉၅၂၉နှင့် ဒေါ်ပြုံးပြုံး ဖုန်း-၂၄၁၀၄၉ တို့သို့ ဆက်သွယ် ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ရှာရန်ရာနှုန်း ၈၀

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

## အဘိဓမ္မာအခါတော်နေ့ စာအောင်ဆုနှင်းပွဲ

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်း၌ (၄၅) ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ ကျေးဇူးရှင်ပူဇော်ပွဲနှင့် စာအောင်ဆုနှင်းပွဲကို အောက်တိုဘာ၆ရက်(သောကြာ) သီတင်းကျွတ်လပြည့်နေ့ နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားထားသူများ၊ အဘိဓမ္မာ-သံယုတ်စာမေးပွဲများအား ၂၀၀၅ခုနှစ်တွင် အသင်းချုပ်မှ ဝင်ရောက်ဖြေဆိုအောင်မြင်သူများ၊ သင်တန်းသား သင်တန်းသူများနှင့် အသင်းဝင်အမှုဆောင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ (၃၅၂)

## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၁ ရပ်ကွက် ရာဇာဓိရာဇ်လမ်း အမှတ်၁၀၃၈နေ ဦးလင်းဇော်လှိုင်၊ ဒေါ်တင်မျိုးရှင်၊ သမီး ပိုးလင်းရှင်၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ဆွေမျိုးမိတ်ဆွေများ၏ကိုယ်စား အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်-ဒေါ်ခင်ကြည် မိသားစု ရန်ကုန်မြို့က အလှူတော်ငွေကျပ် ခုနစ်သိန်းခြောက်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ဦးဘအို-ဒေါ်စိန်ပု(ဘိုးဘွား) ဦးတင်အောင်-ဒေါ်စောနွဲ့(မိဘ)များအားရည်စူး၍ အမှတ်၁၅၅ ဗိုလ်ချုပ်လမ်း ဇလွန်မြို့ ဒေါ်သိန်းရီ(အထကဇလွန်)၊ ဒေါ်ခင်မာကြည် (ဇလွန် မြန်မာစာ သင်ပြနည်းဌာန၊ မြောင်းမြပညာရေးကောလိပ်၊)၊ ဒေါ်ယဉ်ယဉ်ဇေ PMG၊ မောင်ချမ်းမြေ့၊ မလင်းလင်းခိုင်၊ မသက်ရီအောင် သမီးများနှင့် မြေးတစ်စု မိသားစုက အလှူငွေကျပ် တစ်သိန်းနှစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော်နှင့် အမှုဆောင်ဆရာတော်များရှေ့မှောက်၌ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## သောက်သုံးရေမသန့်ရှင်းမှုကြောင့် ကမ္ဘာတစ်ဝန်းနှစ်စဉ်ကလေး တစ်သန်းခွဲခန့် သေဆုံးနေ

ကမ္ဘာတစ်ဝန်းတွင် သောက်သုံးရေမသန့်ရှင်းမှုကြောင့် အသက်ငါးနှစ်အောက်ကလေးငယ်များသေဆုံးမှုမှာ နှစ်စဉ် ၁ ဒသမ ၅သန်းခန့်ရှိကြောင်း ကုလသမဂ္ဂကလေးများဆိုင်ရာအေဂျင်စီက သတင်းထုတ်ပြန်လိုက်သည်။

### အရည်အတွက်

ထို့အပြင် ကမ္ဘာတစ်ဝန်းတွင် သောက်သုံးရေ လုံလောက်စွာမသောက်သုံးရသည့်ပြည်သူများမှာ အရေအတွက် တစ်ဘီလီယံခန့်ရှိနေကြောင်းလည်း အဆိုပါသတင်း၌ဖော်ပြသည်။

သောက်သုံးရေဖူလုံစွာမရရှိမှုနှင့် မသန့်ရှင်းသောရေမရရှိမှုများမှာ အာဖရိက ဆာဟာရဒေသခွဲတွင် အဆိုးရွားဆုံးကြုံတွေ့နေရကြောင်းသိရသည်။ ထို့ကြောင့် ဝမ်းရောဂါနှင့် အခြားရောဂါများဖြစ်ပွားမှု များပြားနေကြောင်းလည်း ယူနီဆက်ဖ် ဒုတိယညွှန်ကြားရေးမှူး ဗာနက်ဆာတိုဘင်က ပြောကြားသည်။

### တိုးတက်မှုနှေးကွေး

ကုလသမဂ္ဂအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ သောက်သုံးရေဖူလုံစွာရရှိနိုင်မည်ဟု မျှော်မှန်းထားသည်။ သို့ရာတွင် ကမ္ဘာတစ်ဝန်း၌ လူဦးရေတိုးတက်လာပြီး မြို့ပြသို့ပြောင်းရွှေ့မှုများပြားလာသဖြင့် သန့်ရှင်းသောသောက်သုံး ရေဖူလုံစွာရရှိရေးမှာ တိုးတက်မှုနှေးကွေးလျက်ရှိကြောင်း ဗာနက်ဆာတိုဘင်က ပြောကြားသည်။ **(ကိုးကား-အင်တာနက်)**

## အိပ်ချ်အိုင်ဗွီကူးစက်မှု ကြိုတင်ခန့်မှန်းနည်းဖြင့်စိတ်မချရ

အိပ်ချ်အိုင်ဗွီကူးစက်မှုတိုက်ဖျက်ရန် လူနာ၏စွမ်းအားကို ကြိုတင်ခန့်မှန်းနိုင်သည့် နည်းလမ်းတစ်ရပ်အဖြစ် သွေးအတွင်း အိပ်ချ်အိုင်ဗွီပိုးရပ်စ်များတိုင်းတာမှုမှာ စိတ်မချရတော့ကြောင်း အမေရိကန်သုတေသနပညာရှင်များ လေ့လာတွေ့ရှိရသည်ဟုဆို၏။

### ကြိုတင်ခန့်မှန်း

ယခင်နည်းလမ်းမှာ စီဒီ-၄ ခုခံနိုင်စွမ်းရှိ ကလာပ်စည်းများဆုံးရှုံးမှုကို တိုင်းတာပြီး ကြိုတင်ခန့်မှန်းခြင်းဖြစ်သည်။ ဗိုင်းရပ်စ်ပိုးများလေ စီဒီ-၄ ကလာပ်စည်းဆုံးရှုံးမှု မြန်လေဖြစ်သည်ဟု အဆိုရှိခဲ့သည်။

သို့သော် နောက်ဆုံးလေ့လာတွေ့ရှိချက်အရ ဗိုင်းရပ်စ်ပိုးကြောင့် စီဒီ-၄ ကလာပ်စည်းဆုံးရှုံးမှုနှုန်းတွင် လူတစ်ဦးနှင့်တစ်ဦး ငါးရာခိုင်နှုန်းခန့်သာ ကွာခြားကြောင်းသိရသည်။

### တွေ့ရှိချက်

ကေ့ဝက်စတန်းရီဇာ့ဗ်တက္ကသိုလ်ပညာရှင်များ၏ ယင်းနောက်ဆုံး လေ့လာတွေ့ရှိချက်ကို အမေရိကန်ဆေးဝါးအသင်းဂျာနယ်၌ဖော်ပြထားသည်။ **(ကိုးကား-အင်တာနက်)**

## အင်တာနက်သတင်းနှင့်ဓာတ်ပုံ






## လက်ချောင်းရှည်သောအမျိုးသမီးများ အားကစားထူးချွန်

လက်ချောင်းများ သာမန်ထက်ပိုရှည်သော အမျိုးသမီးများသည် တင်းနစ်ကဲ့သို့သော အားကစားနှင့် အခြားအားကစားများ၌အောင်မြင်မှုများပိုမိုရရှိနိုင်ကြောင်း လန်ဒန်မြို့ ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

### လေ့လာခဲ့

အမျိုးသားများ၏လက်ချောင်းများကဲ့သို့ရှိပြီး သာမန်အမျိုးသမီးများ၏ လက်ချောင်းများထက် အချိုးအစားပိုမိုရှည်သည့် လက်ချောင်းပိုင်ရှင် အမျိုးသမီး၆၀၇ဦးကို လေ့လာခဲ့ရာမှ ယခုကဲ့သို့ ပြောကြားနိုင်ခြင်းဖြစ်သည်ဟု ၎င်းတို့ကဆိုသည်။

### ထူးချွန်

အသက် ၂၅ နှစ်မှ ၇၅ နှစ်အတွင်း ရှိ အမျိုးသမီး ၆၀၇ ဦး၏ လက်ချောင်းများကိုဓာတ်မှန်ရိုက်ကြည့်ခဲ့ရာ လက်ချောင်းရှည်သောအမျိုးသမီးများသည် အားကစားတွင် ပိုမိုထူးချွန်အောင်မြင်မှုရရှိကြကြောင်း တွေ့ရှိရသည်ဟု ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

### လက်ချောင်းရှည်

ထို့အပြင် အားကစားလောက၌ အောင်မြင်မှုများရရှိနေသောအမျိုးသမီးများသည် လက်ချောင်းရှည်သောအမျိုးသမီးများဖြစ်နေကြောင်းလည်း ၎င်းတို့ကပြောကြားသည်။ **(ကိုးကား-အင်တာနက်)**

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်

# လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာသိကောင်းစရာများအသိပညာပေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က ကြီးမှူး၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများနှင့် နိုင်ငံတော်၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုများ၊ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သိကောင်းစရာများအကြောင်း အသိပညာပေးဟောပြောဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီက ပျဉ်းမနားမြို့ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း-ကျောင်းခန်းမ၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကြင်ခိုင်၊ ဥပဒေရေးရာလေ့လာရေးနှင့်အကြံပြုရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်း၊ စည်းရုံးရေးဌာနကြီးအဖွဲ့ဝင် ဒေါ်နွဲ့နွဲ့ဝင်းနှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲဝင်များ၊ ပျဉ်းမနားခရိုင်နှင့်မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ မိခင်အရွယ်အုပ်ထိန်းသူများနှင့်ငယ်ရွယ်သူအမျိုးသမီးများ၊ မွေးမြူရေးလုပ်ငန်းရှင်များ စုစုပေါင်း၅၂၀ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ရှေးဦးစွာမြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာန လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့မှ ဒုတိယရဲမှူးဥမ္မာရင်မိက နိုင်ငံတော်၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၏ လူကုန်ကူးမှု တိုက်ဖျက်ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ကျန်းမာပညာ) ဒေါက်တာခင်မောင်လွင်က ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာသိကောင်းစရာများအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြော ဆွေးနွေးကြသည်။

**ပြန်လည်ဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသော ပျဉ်းမနားခရိုင်နှင့် မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အဖွဲ့ခေါင်းဆောင်များက ပြန်လည်ဆွေးနွေး ဖြေကြားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦးနှင့်မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးခေါင်းဆောင်သောအဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံဝင်းအတွင်းရှိ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း(ရုံးချုပ်)ကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုကြပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းဆိုင်ရာများကို အကြံပြု ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာန ကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု အောင်ချမ်းသာကွက်သစ်ရှိ ခြံပိုင်ရှင် ဦးမျိုးမင်းရွှေ၏ ကြက်ခြံမွေးမြူရေးခြံသို့ သွားရောက်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းဆိုင်ရာများကို ကွင်းဆင်းသွားရောက် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများနှင့် နိုင်ငံတော်၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုများ၊ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သိကောင်းစရာများအကြောင်း အသိပညာပေးဟောပြောပွဲ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

## မေတ္တာစစ်တမ်း

* မိဘတိုင်းအဖို့
ကိုယ့်သားသမီးကို
ကောင်းစေလိုတာ
ပြည့်စုံစေလိုတာ
မြင့်မားစေလိုတာ
မေတ္တာ ဓမ္မတာ စဉ်အလာ။

* မွေးချင်းသွေးရင်း
သားချင်းမောင်နှမ
ဘဝကြည်လင်၊ ဖြူစင်မေတ္တာ
စေတနာထား အကြင်နာပွား
ထောက်ထားညှာတာ
ရိုင်းပင်းပါသည်
မေတ္တာ ဓမ္မတာ စဉ်အလာ။

* ထိုမေတ္တာသာ
သစ္စာဖွဲ့ချည်၊ မွန်မြတ်သည်တည့်။

* တိုင်းခြားမြေခြား
လူမျိုးခြားက၊ ဒို့ဘဝအခြေ
မြင့် , တင့် , စေသတဲ့။
အနေသာချည်း၊ သွေးလဲမတူ
သားမတူဘဲ၊ ပူပင်သောက
စိုးရိမ်ပြတာ၊ ယုံစရာလား။

* ပုံပြင်အလား
ယုံလျှင်မှားမည်
တိုင်းပြည်နစ်နာ၊ ဘဝနာမည်
မေတ္တာအစစ်၊ ဘယ်ရာဖြစ်မလဲ
ဝေခွဲတတ်၍ မြတ်စေမင်း။ ။

**ဩမ့်နိုင်**

**တောရိုင်းငှက်များ စောင့်ကြည့်လေ့လာမှုပြုခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါစူးစမ်းရှာဖွေလေ့လာမှုပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့် အမှာစကားပြောကြားစဉ်။** (မွေး/ရေ)

# တောရိုင်းငှက်များ စောင့်ကြည့်လေ့လာမှုပြုခြင်းနှင့် ကြက်ငှက်တုပ်ကွေးစူးစမ်းရှာဖွေလေ့လာမှုအလုပ်ရုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၈**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)တို့ပူးပေါင်းကျင်းပသည့် တောရိုင်းငှက်များစောင့်ကြည့်လေ့လာမှုပြုခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါစူးစမ်းရှာဖွေလေ့လာမှုပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel၌ကျင်းပရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောအယ်ဒါးနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)မှ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် တောရိုင်းငှက်များစောင့်ကြည့်လေ့လာမှုပြုခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာမှုပြုခြင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်များနှင့်သက်ဆိုင်သည့် စာတမ်း၁၀စောင်ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ပြီး ယင်းအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ၂၉ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ✻ ရှေ့ဖုံးမှ

ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပခုက္ကူခရိုင်နှင့် ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ရေး အင်ဂျင်နီယာများ တက်ရောက်ကြသည်။

### ရလဒ်ကောင်း

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် မြေခဲတောင်ရေလှောင်တမံသည် နိုင်ငံတော်၏ ၁၈၉ ခုမြောက် ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ဖြစ်သည့် ပြည်သူများစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူပြုသော ရလဒ်ကောင်းတစ်ခုဖြစ်ကြောင်း။

### ဆီဖူလုံမှု

မကွေးတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးဟု တင်စားပြောရလောက်အောင် ဆီဖူလုံမှု ၄၂၉ ရာခိုင်နှုန်း ရှိသော်လည်း လူဦးရေ ၅၁ သိန်းလောက်ရှိသည့် မကွေးတိုင်း၌ ဆန်ဖူလုံမှု ၉၂ ဒသမ ၈ ရာခိုင်နှုန်းသာ ရှိသေးကြောင်း၊ ယင်းအထဲတွင် ပခုက္ကူခရိုင်သည် လူဦးရေ ၁၄ သိန်းကျော်ရှိပြီး ဆန်ဖူလုံမှုသည် ၃၁ ရာခိုင်နှုန်းသာရှိကြောင်း။

ထို့ကြောင့် ယနေ့ဖွင့်သည့် မြေခဲတောင် ရေလှောင်တမံသည် အကျိုးပြုဧက ၅၀၀ ရှိပြီး လယ် ၃၄၅ ဧကနှင့် ယာ ၁၅၅ ဧက ယခုနှစ်စိုက်ပျိုးနိုင်ရန် ရည်မှန်းထားရှိခဲ့သည့်အတွက် ပခုက္ကူခရိုင်အတွက် စပါးစိုက်ဧက တိုးချဲ့ရေးနှင့် ဒေသဆန်ဖူလုံရေးကိုအတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း။

### မျှော်မှန်းဆောင်ရွက်

ယခုနှစ်မိုးရာသီတွင် မကွေးတိုင်း တစ်တိုင်းလုံးအနေနှင့် မိုးစပါးစိုက်ဧက၉၂၅၀၀၀ခန့်ရရှိအောင် ရည်မှန်းထားပြီး နွေစပါးဧက၁၆၀၀၀၀ကျော်နှင့်ပေါင်းလျှင် ဆန်ဖူလုံမှု၁၂၅ရာခိုင်နှုန်းခန့်ရရှိရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပခုက္ကူခရိုင်အနေနှင့် မိုးစပါးစိုက်၁၂၈၅၈၆ဧကနှင့် နွေစပါးဧက၂၀၀၀၀ကျော် စုစုပေါင်း၁၄၀၀၀၀ကျော် စိုက်နိုင်ပါက ဆန်ဖူလုံမှု ၅၄ ရာခိုင်နှုန်းအထိရရှိရန် မျှော်မှန်းဆောင်ရွက်နေကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ယခုကဲ့သို့ ဆည်၊ ကန်ငယ်များတည်ဆောက်ခြင်း၊ ရေရရှိရေးနည်းလမ်းများ တီထွင်ဖော်ထုတ်ခြင်းလုပ်ငန်းပေါင်း၇၁ခု ရည်မှန်းဆောင်ရွက်လျက်ရှိရာ ယခုဖွင့်မည့် မြေခဲတောင်ဆည် အပါအဝင် လုပ်ငန်း၅၀ခု အပြီးသတ်နိုင်ခဲ့ပြီး အကျိုးပြု စပါးစိုက်ဧက ၅၀၀၀ခန့်ကိုလည်း ယာမှလယ်ပြောင်းပြီး စပါးစိုက်ပျိုးနိုင်လာပြီဖြစ်ကြောင်း။

ထို့ကြောင့် တက်ရောက်လာသော ဒေသခံတောင်သူများသည် နိုင်ငံတော်၏ စေတနာကို သိရှိနားလည်ပြီး မိမိဒေသအတွင်းမိမိအတွက်အမှန်တကယ်အကျိုးပြုသည့် ယခုရေလှောင်တမံကြီး တည်တံ့ကြံ့ခိုင်ရေး၊ ရေဝေရေလဲ ဒေသစိမ်းလန်းစိုပြည်ရေး၊ ရေပေးဝေသည့်မြောင်းစနစ်များ မပျက်စီးရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြပါဟု ပြောကြားသည်။

### မိုးနည်းရေရှား

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်က အမှာစကား ပြောကြားရာတွင် မိုးနည်းရေရှားပြီး ပူပြင်းခြောက်သွေ့သည့် ဤအရပ်ဒေသကို ဒေသစိမ်းလန်းစိုပြည်စေပြီး ဒေသဝမ်းစာအတွက် စပါးစိုက်ပျိုးနိုင်ရေး၊ ကျေးရွာများအတွက် သောက်သုံးရေရရှိရေးတို့အတွက် ယခုမြေခဲတောင်ရေလှောင်တမံကို နိုင်ငံတော်က တည်ဆောက် အကောင်အထည်ဖော်ပေးလိုက်ပြီဖြစ်ကြောင်း။

မြေခဲတောင် ရေလှောင်တမံသည် တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ယူခဲ့သည့် ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံနှင့်အဝန်း အကောင်အထည်ဖော် တည်ဆောက်ခဲ့သော ၁၈၉ ခုမြောက် ဆည်မြောင်း စီမံကိန်းဖြစ်သကဲ့သို့ မကွေးတိုင်း အတွက်လည်း ၃၂ ခုမြောက် ရေလှောင်တမံလည်းဖြစ်ကြောင်း။

### တည်ဆောက်ပေးလျက်ရှိ

ဒေသဝမ်းစာ မဖူလုံသေးသည့် မကွေးတိုင်း ပခုက္ကူခရိုင်၏ ဒေသဝမ်းစာ ဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်မှ ဆည်ငယ်ပေါင်း ၇၁ခု ပါဝင်သည့် ဆည်အစုအဖွဲ့ကို ပခုက္ကူခရိုင် မြို့နယ် ငါးမြို့နယ်တွင် တည်ဆောက်ပေးလျက်ရှိကြောင်း။

ယင်းဆည်အစုအဖွဲ့အားလုံး တည်ဆောက်ပြီးသွားပါက ဆည်ရေသောက်ဧရိယာဧက၈၆၃၀ရရှိမည်ဖြစ်သကဲ့သို့ နိုင်ငံတော်မှ ငွေကျပ်သန်း လေးထောင်နီးပါးခန့် သုံးစွဲမည်ဖြစ်ကြောင်း။

ထိုနည်းတူစွာပင် နိုင်ငံတော်မှ ပခုက္ကူခရိုင်အတွင်း၌ မြစ်ရေတင် စီမံကိန်းပေါင်း ၁၃ခု စုစုပေါင်းဧက သုံးသောင်းငါးထောင်ခန့် စိုက်ပျိုးရေပေးဝေနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ယခုရေလှောင်တမံကို မြေခဲတောင်ရိုးချောင်းကိုပိတ်ပြီး ရေဧကပေ ၂၈၈၀ သိုလှောင်နိုင်အောင် တည်ဆောက်ထားကြောင်း၊ တမံအမြင့် ၄၄ ပေနှင့် တမံအလျားပေ ၁၃၀၀ရှိကြောင်း၊ နိုင်ငံတော်က ငွေကျပ် ၁၀၂ သန်းကျော် အကုန်အကျခံတည်ဆောက်ပေးထားသည်။ ယင်းရေလှောင်တမံကို တစ်နှစ်အတွင်း တည်ဆောက်ပြီးစီးနိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့် ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်မှတာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း။

ယခုရေလှောင်တမံကို ရေရှည်တည်တံ့စွာနှင့် မိမိတို့ လူမှုစီးပွားရေးဘဝတွင် အကျိုးရှိစွာအသုံးချသွားနိုင်အောင် ဒေသ၏ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရေဝေရေလဲဒေသများ ထိန်းသိမ်း စောင့်ရှောက်ရေးကို ဒေသတာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ ဦးကျော်ရွှေက မြေခဲတောင် ရေလှောင်တမံတည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

**မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ မြေခဲတောင်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (လယ်ယာ/ဆည်မြောင်း)

**မြင်ကွင်း**

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအုန်းမြင့် မြေခဲတောင်ရေလှောင်တမံ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။** (လယ်ယာ/ ဆည်မြောင်း)

### တွေ့ဆုံနှုတ်ဆက်

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသောပြည်သူလူထုအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်တွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မြေခဲတောင် ရေလှောင်တမံကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က မြေခဲတောင်ရေလှောင်တမံ မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

### မှတ်တမ်းတင်

ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့သည် တည်ဆောက်ခဲ့သည့် အင်ဂျင်နီယာများ၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့်အတူ ရေလှောင်တမံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဖွင့်ပွဲမုခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ဒုတိယဝန်ကြီးဦးအုန်းမြင့်တို့သည် မြေခဲတောင် ရေလှောင်တမံနှင့် တူးမြောင်းအဆောက်အအုံများ၊ ရေထုတ်ပြွန်မှ ဆည်ရေပေးဝေမှုတို့ကိုကြည့်ရှု စစ်ဆေးကြသည်။

မြေခဲတောင် ရေလှောင်တမံသည် တမံအမြင့် ၄၄ပေ၊ တမံအလျား ပေ ၁၃၀၀ ရှိသည်။ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေဧကပေ ၁၄၀၀ ရှိသည့် မြေခဲတောင်ရိုးချောင်းကို ပိတ်၍ ကိုင်းမကြီးကျေးရွာအုပ်စုတွင် တည်ဆောက်ထားသည်။ ရေဧကပေ ၂၈၈၀ သိုလှောင်နိုင်ပြီး ကန်ရေပြည့်ရေပြင်ကျယ်မှာ ဧရိယာဧက ၂၁၈ ဧက ရှိသည်။ ရေပိုလွှဲမှာ အကျယ် ပေ ၆၀ ရှိသည်။ ရေထုတ်ပြွန်မှာ သုံးပေ X သုံးပေ ရေတံခါး တစ်ပေါက်ပါရှိပြီး အလျားပေ ၂၂၀ ရှိကာ ရေပေးဝေမည့် တူးမြောင်းမှာ အလျားပေ ၁၂၀၀၀ ရှိသည်။ အဆိုပါ တူးမြောင်းမှ ဆည်ရေပေးဝေလျက်ရှိပြီး ယခင်က ပဲတီစိမ်းနှင့် နှံစားသီးနှံ တစ်သီးစိုက်အဖြစ် ဧက ၃၅၀ စိုက်ပျိုးရာမှ ယခုအခါပထမသီးနှံအဖြစ် မိုးစပါး ၃၄၅ ဧက စိုက်ပျိုးရန် လျာထားရာ ၃၀၈ဧက စိုက်ပျိုးပြီးဖြစ်သည်။ ထို့ပြင် ကုလားပဲ သီးထပ်အပါအဝင် သီးနှံစုစုပေါင်း ဧက ၅၀၀ အထိ တိုးတက်စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအုန်းမြင့်တို့ မြေခဲတောင်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (လယ်ယာ/ဆည်မြောင်း)

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်

**ရန်ကုန် စက်တင်ဘာ ၂၈**

၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၈ရက်(စက်တင်ဘာ ၂၉ရက်)မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ညောင်ကန်အေးရိပ်သာ ညောင်ကန်အေး ဆရာတော် မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တကုဏ္ဍက အရှင်သူမြတ်ကလည်းကောင်း၊ ညနေ ၃ နာရီတွင် ပဲခူးတိုင်း ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ်၏ ဦးစီးပဓာန နာယက နိုင်ငံတော် သံဃမဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒာစာရ အရှင်သူမြတ်ကလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက် (ဥပုသ်နေ့)**
**၂၉-၉-၂၀၀၆ ရက် (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | ဝေဠုဝန်ခေါ်ရုပ်ပွားတော် ထင်ပေါ်ကျော်ကြား စစ်ကိုင်းငါးထပ်ကြီးဘုရား |
| ၇:၅၅ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈:၁၀ | ၆။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၈:၃၀ | ၇။ | International News |
| ၈:၄၅ | ၈။ | Islands of Dhamma |
| ၈:၅၀ | ၉။ | ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက) တိပိဋက မဟာဂန္ဓဝင်ကျောင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက-၆၊ ဗိုလ်တထောင်) (အမျိုးသား ဝတ်ရွတ်အဖွဲ့) |
| ၁၆:၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ] |
| ၁၇:၀၀ | ၅။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇:၁၅ | ၆။ | **“သတိတစ်ချက် တစ်သက်အမှား”** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်) |
| ၁၇:၃၀ | ၇။ | ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ)(အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား၊ အမျိုးသမီး) |
| ၁၇:၄၅ | ၈။ | ဖြစ်ထွန်းအောင်မြင် ရှမ်းပြည်နယ် (မြောက်ပိုင်း)တစ်ခွင် (လိုက်ချီး၊ ကြက်ဆူ) |
| ၁၈:၀၀ | ၉။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၁၁။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၁၉:၀၅ | ၁၂။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်နတ်သမီး”** (အပိုင်း-၅) |
| ၂၀:၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“ရေသူမလေး ပထမချစ်ပုံပြင်”** (အပိုင်း-၄) |
| | ၁၇။ | မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော် |

# မြန်မာနိုင်ငံ၏အခြေအနေကို ပကတိအရှိအတိုင်း ရိုးသားဖြူစင်စွာရှုမြင်လျက် ဘက်လိုက်ခြင်းကင်းစွာ သမာသမတ်ရှိရှိ ရပ်တည်ထောက်ခံကြသော ကမ္ဘာ့နိုင်ငံများ၏ရှုထောင့်

စာဖ

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နိုင်ရန်အတွက် အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့ရာ ယနေ့အချိန်အခါတွင် ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးရန် တိုးမြှင့်လုပ်ဆောင်လာကြောင်း အားလုံးအသိပင်ဖြစ်ပါသည်။ သို့ရာတွင် ဤကမ္ဘာ၌ အမေရိကန်နိုင်ငံ၏ ဗိုလ်ကျစိုးမိုးရေး လုပ်ရပ်ကို လက်မခံသော၊ ခေါင်းငုံ့မခံသော နိုင်ငံအမြောက်အမြားရှိနေပါသည်။ ထို့အတူပင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို ရိုးသားဖြူစင်သော စိတ်ဓာတ်အမှန်ဖြင့် နားလည်ရှုမြင်သော၊ အမှန်တရားဘက်မှ အစဉ်အမြဲ ရပ်တည်ထောက်ခံသော ကမ္ဘာ့နိုင်ငံများလည်း အများအပြားရှိနေကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ သဘောထားကို အကျယ်တဝင့်ဖော်ပြခဲ့ရာ၌-

**ထိုကဲ့သို့ အမေရိကန်၏ နည်းမျိုးစုံဖြင့် ဖိအားပေးမှု၊ စည်းရုံးမှုများ ရှိနေသည့်တိုင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို သိရှိသော၊ ကုလသမဂ္ဂနှင့် လုံခြုံရေးကောင်စီကို နိုင်ငံတစ်ခု၏ အကျိုးစီးပွားဖော်ဆောင်ရာ ယန္တရားတစ်ခုအဖြစ် အသုံးပြုခြင်းအား လက်မခံသော မိတ်ဆွေနိုင်ငံများက မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ထောက်ခံခဲ့သည်ကိုလည်း တွေ့ရပါသည်**

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

စက်တင်ဘာလ ၁၅ရက်နေ့ လုံခြုံရေးကောင်စီဆွေးနွေးမှုတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်က- **"မြန်မာနိုင်ငံ၏အခြေအနေကို သေသေချာချာလေ့လာ ရန်လိုအပ်ကြောင်း၊ လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂ၏ အခြေခံမူများ၊ ရည်မှန်းချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်တာဝန်ရှိကြောင်း၊ လူ့အခွင့်အရေး၊ ဒုက္ခသည်၊ မူးယစ်ဆေးဝါးနှင့် အေအိုင်ဒီအက်စ် ကိစ္စများကိုပါ ဆွေးနွေးမည်ဆိုပါက ယင်းသို့သော အခြေအနေမျိုးရှိသည့် နိုင်ငံတိုင်း၏ကိစ္စကို ဆွေးနွေးရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများက မြန်မာနိုင်ငံအရေးသည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု ယုံကြည်ခြင်းမရှိကြောင်း၊ ယခုကိစ္စတွင် ဒေသတွင်း နိုင်ငံတစ်ခုက လုံခြုံရေးကောင်စီသို့ အဆိုတင်သွင်းခြင်း မဟုတ်ဘဲ ဝေးလံသည့် ဒေသမှ နိုင်ငံတစ်ခုက ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု ပြောဆိုနေခြင်းသည် အဓိပ္ပာယ်မရှိသည့် လုပ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကိစ္စကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ် စာတမ်းအပိုဒ်(၂၄)ကို ချိုးဖောက်ရာရောက်ကြောင်း"** ဖြင့် ဆွေးနွေးပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။

ထို့အတူပင် မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် မသင့်ကြောင်း ကန့်ကွက်မဲပေးခဲ့သည့် ကာတာနိုင်ငံ ကိုယ်စားလှယ်ကလည်း- **"မြန်မာနိုင်ငံ၏ အခြေအနေသည် ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုနေသည်ဟု မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများက မယူဆကြောင်း၊ မြန်မာနိုင်ငံကိစ္စအား လုံခြုံရေးကောင်စီအာဂျင်ဒါတွင် ထည့်သွင်းခြင်းသည် မလျော်ကန်ကြောင်း၊ သံတမန်ရေးရာလမ်းကြောင်းကိုပါ ပိတ်သွားစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ အခြေအနေအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းရေး ကြိုးပမ်းမှုကို ကာတာနိုင်ငံအနေဖြင့် ပယ်ချကြောင်း"** ဆွေးနွေးပြောကြားခဲ့သည်ဟုလည်း သိရှိရပါသည်။

အလားတူ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ကြီးကလည်း အဖွဲ့ဝင်နိုင်ငံများ၏ ဆန္ဒသဘောထားကို ထင်ဟပ်၍ မြန်မာနိုင်ငံ၏ အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က မှတ်ယူလက်ခံခြင်းမရှိကြောင်း၊ လုံခြုံရေးကောင်စီဝင် နိုင်ငံတစ်နိုင်ငံက မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီ အာဂျင်ဒါအတွင်း ရောက်ရှိအောင် အတင်းအဓမ္မဖိအားပေး၍ ဆောင်ရွက်နေခြင်းကို ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့က ဆန့်ကျင်ကန့်ကွက်ကြောင်း၊ ၂၀၀၆ခုနှစ် ဇူလိုင်လ ၁၀ရက်နေ့ကတည်းက စာရေးသားပေးပို့ အကြောင်းကြားထားခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အဆိုပါ အကြောင်းကြားစာသည် ၂၀၀၆ခုနှစ် ဇူလိုင်လ ၆ရက်နေ့၌ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရို အစည်းအဝေးတွင် ဆွေးနွေးမှုများ၌ မြစ်ဖျားခံလာခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းအစည်းအဝေးတွင် **မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများကလည်းကောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့သာမက သီရိလင်္ကာနိုင်ငံကလည်းကောင်း "မြန်မာနိုင်ငံ၏အရေးကိစ္စသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်ထိပါးခြင်း မရှိကြောင်း၊ ထို့ကြောင့် လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းရန်မသင့်ကြောင်း"ရပ်တည်ပြောကြားခဲ့ကြပါသည်။**

ထို့အပြင် အာဖရိကနှင့် လက်တင်အမေရိက ဒေသနိုင်ငံများမှ ဝင်ရောက်ထောက်ခံ ပြောကြားသူများကလည်း- **"မြန်မာနိုင်ငံသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေမှုရှိ,မရှိဆိုသည်ကို ဒေသတွင်းရှိ နိုင်ငံများက အသိဆုံးပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသအတွင်းရှိ နိုင်ငံများက မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မည်သို့မျှ ထိခိုက်စေခြင်းမရှိဟု ပြောကြားခဲ့ကြပြီးဖြစ်၍ မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းခြင်း မပြုသင့်ကြောင်း"** ထောက်ခံ ရပ်တည်ပြောကြားခဲ့ကြပါသည်။

**ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသော အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံတို့က ထောက်ခံရပ်တည် ပြောကြားကြသကဲ့သို့ အာဖရိကဒေသမှ အီဂျစ်နှင့် နိုင်ဂျီးရီးယားနိုင်ငံတို့ကလည်းကောင်း၊ လက်တင်အမေရိကဒေသမှ ကျူးဘား၊ ဗင်နီဇွဲလားနှင့် ဂွာတီမာလာနိုင်ငံတို့ကလည်းကောင်း အသီးသီးထောက်ခံ ပြောကြားခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများစွာက တစ်ခဲနက် ထောက်ခံပြောကြားခဲ့ကြကြောင်း သိရှိရပါသည်။ ထို့ကြောင့်ပင် ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဥက္ကဋ္ဌ Mr. Hamidon Ali အနေဖြင့် လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ Mr. Jean-Mase de La Sabliera ထံသို့ မြန်မာနိုင်ငံ အရေးကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းခြင်း မပြုရေးအတွက် ၂၀၀၆ခုနှစ် ဇူလိုင်၁၀ရက်နေ့ကပင် စာတစ်စောင် ရေးသားပေးပို့ခဲ့ကြောင်း သိရှိရပါသည်။**

ယခုအခါ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်းမှာ ၁၉၁ နိုင်ငံဖြစ်ပါသည်။ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံပေါင်းမှာ ၁၁၈နိုင်ငံ ရှိပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်နိုင်ငံ ၁၅နိုင်ငံရှိနေပါသည်။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်အပေါ် တစ်ခဲနက် ရပ်တည်ထောက်ခံပေးခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ကိုယ်စား အဖွဲ့ဥက္ကဋ္ဌက လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ ရေးသားပို့ပေးခဲ့သော စာကို လေ့လာသိရှိနိုင်ရန်အတွက် ဖော်ပြလိုက်ပါသည်။ ယင်းစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**အဆွေတော်ခင်ဗျား-**

လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံတ
အရေးကိစ္စကို လုံခြုံရေးကောင်စီ အာဂ
စေရန် ဆောင်ရွက်နေခြင်းနှင့် ဆုံးဖြ
တစ်ရပ် ချမှတ်နိုင်ရန် ကြိုးပမ်းနေခြ
လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများက စိုးရိမ်
တညီတညွတ်တည်း ထုတ်ဖော်
ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဥက္ကဋ္ဌ

## လုံခြုံရေးကောင်စီသည် 
## ဆိုင်ရာ ငြိမ်းချမ်းရေးနှင့်လုံခြုံ
## လူ့အခွင့်အရေး၊ ဒုက္ခသ
## ဆိုပါက ယင်းသို့သော အခြေ
## မြန်မာနိုင်ငံ၏ အိမ်နီးချ
## ဆိုင်ရာနှင့် နိုင်ငံတကာငြိမ်းချ

မိမိအနေဖြင့် ဘက်မလိုက်လှုပ်ရှာ
လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ ယခုကဲ့သို့
ဖြစ်နေရမှုများကို စာဖြင့်ရေးသား အသ

လုံခြုံရေးကောင်စီအနေဖြင့် ကုလ
အဖွဲ့အစည်းကြီးများ၊ အခြားအဖွဲ့အ
ဆောင်ရွက်ရာတွင် ကုလသမဂ္ဂပဋိ
များနှင့် ရည်မှန်းချက်များကို လေးစ
သည် အဖွဲ့အစည်းအချင်းချင်းအ
ထိန်းသိမ်းရန်အတွက် အဓိကကျ
ဖြစ်ကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှ
လက်ခံထားပါသည်။ လုံခြုံရေး
ညီလာခံ၊ စီးပွားရေးနှင့် လူမှုရေးကေ
အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်
အပေါ် စွက်ဖက်ခြယ်လှယ်နေမှုသည်
အညီ ဖြစ်/မဖြစ် မေးမြန်းဆန်း
ဖြစ်လာပါသည်။ ဤကိစ္စနှင့် ပတ်
လှုပ်ရှားမှုအဖွဲ့၏ သဘောထားရပ်
ကောင်စီဥက္ကဋ္ဌထံ ၂၀၀၆ခုနှစ်
စာအမှတ်-S/2006/85 ဖြင့်လည်
ဖေဖော်ဝါရီ ၂၀ရက်က စာအမှတ်-
ကောင်း စာများရေးသား ပေးပို့ခဲ့
မိတ္တူများကို ဤစာနှင့်အတူ ပူးတ

လုံခြုံရေးကောင်စီအနေဖြင့် နိုင
ငြိမ်းချမ်းရေးကို ထိခိုက်စေခြင်းမရှိသေ
နိုင်ငံတစ်နိုင်ငံ၏ အရေးကိစ္စတစ်ရပ်
ပြဿနာတစ်ရပ်ရပ်ကိုဖြစ်စေ တရား
အလွတ်သဘောသော်လည်းကောင်
ကောင်စီတွင် ထည့်သွင်းဆွေးနွေး
မှုပြုခြင်းသည် ကုလသမဂ္ဂပဋိညာဉ်
ဆန့်ကျင်လျက်ရှိကြောင်း ဘက်မ
အလေးအနက်ထားကာ ထပ်မံဖော်

မြန်မာနိုင်ငံ၏ အခြေအနေသည
လုံခြုံရေးကို ထိပါးသော ပြဿနာတ
မလိုက်လှုပ်ရှားမှုအဖွဲ့က မှတ်ယူလ
ကောင်စီအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ
လုံခြုံရေးကောင်စီ အာဂျင်ဒါအတွ

## မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများဘက်မှ ခိုင်ခိုင်မာမာရပ်တည်

**အမေရိကန်၏ နည်းမျိုးစုံဖြင့် ဖိအားပေးမှု၊ စည်းရုံးမှုများ ရှိနေသည့်တိုင် မြန်မာနိုင်ငံ၏ ပကတိ အခြေအနေမှန်များကို သိရှိသော၊ ကုလသမဂ္ဂနှင့် လုံခြုံရေးကောင်စီကို နိုင်ငံတစ်ခု၏ အကျိုးစီးပွားဖော်ဆောင်ရာ ယန္တရားတစ်ခုအဖြစ် အသုံးပြုခြင်းအား လက်မခံသော မိတ်ဆွေ နိုင်ငံများက မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ထောက်ခံခဲ့သည်ကို လည်းတွေ့ရ။**

# ...င်လျက် ...များ၏ရှုထောင့်

စာဖတ်သူတစ်ဦး

အဆွေတော်ခင်ဗျား–

လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံသည် မြန်မာနိုင်ငံ အရေးကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါအတွင်းသို့ ရောက်ရှိစေရန် ဆောင်ရွက်နေခြင်းနှင့် ဆုံးဖြတ်ချက်(Resolution) တစ်ရပ် ချမှတ်နိုင်ရန် ကြိုးပမ်းနေခြင်းအတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများက စိုးရိမ်မကင်း ဖြစ်နေရကြောင်း တညီတညွတ်တည်း ထုတ်ဖော် ပြောကြားလာမှုကြောင့် ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဥက္ကဋ္ဌ တာဝန်ယူထားသော

**လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂ၏ အခြေခံမူများ၊ ရည်မှန်းချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းရန် တာဝန်ရှိ။**

**လူ့အခွင့်အရေး၊ ဒုက္ခသည်၊ မူးယစ်ဆေးဝါးနှင့် အေအိုင်ဒီအက်စ်ကိစ္စများကို ဆွေးနွေးမည်ဆိုပါက ယင်းသို့သော အခြေအနေမျိုးရှိသည့် နိုင်ငံတိုင်း၏ကိစ္စကို ဆွေးနွေးရမည်ဖြစ်။**

**မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများက မြန်မာနိုင်ငံအရေးသည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်စေသည်ဟု ယုံကြည်ခြင်းမရှိ။**

မိမိအနေဖြင့် ဘက်မလိုက်လှုပ်ရှားမှု နိုင်ငံများကိုယ်စား လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ ယခုကဲ့သို့ မိမိတို့၏ စိုးရိမ်မကင်း ဖြစ်နေရမှုများကို စာဖြင့်ရေးသား အသိပေးရခြင်းဖြစ်ပါသည်။

လုံခြုံရေးကောင်စီအနေဖြင့် ကုလသမဂ္ဂ၏ အဓိကပင်မ အဖွဲ့အစည်းကြီးများ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်ရာတွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူဝါဒများနှင့် ရည်မှန်းချက်များကို လေးစားလိုက်နာဆက်ဆံခြင်းသည် အဖွဲ့အစည်းအချင်းချင်းအကြားရှိ ဆက်ဆံရေးကို ထိန်းသိမ်းရန်အတွက် အဓိကကျသော အခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က အသိအမှတ်ပြုလက်ခံထားပါသည်။ လုံခြုံရေးကောင်စီက အထွေထွေညီလာခံ၊ စီးပွားရေးနှင့် လူမှုရေးကောင်စီအပြင် အခြားသော အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များအပေါ် စွက်ဖက်ခြယ်လှယ်နေမှုသည်ကုလသမဂ္ဂပဋိညာဉ်နှင့်အညီ ဖြစ်/မဖြစ် မေးမြန်းဆန်းစစ်ရမည့် အရေးကိစ္စဖြစ်လာပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ သဘောထားရပ်တည်ချက်ကို လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်က စာအမှတ်–S/2006/85 ဖြင့်လည်းကောင်း၊ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်က စာအမှတ်– S/2006/111 ဖြင့်လည်းကောင်း စာများရေးသား ပေးပို့ခဲ့ပါသည်။ ထိုစာများ၏ မိတ္တူများကို ဤစာနှင့်အတူ ပူးတွဲပေးပို့ထားပါသည်။

လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတကာ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိခိုက်စေခြင်းမရှိသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အရေးကိစ္စတစ်ရပ်ကို ဖြစ်စေ(သို့မဟုတ်) ပြဿနာတစ်ရပ်ရပ်ကိုဖြစ်စေ တရားဝင်သော်လည်းကောင်း၊ အလွတ်သဘောသော်လည်းကောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်းဆောင်ရွက်မှုပြုခြင်းသည် ကုလသမဂ္ဂပဋိညာဉ် စာတမ်း အပုဒ်(၂၄)နှင့် ဆန့်ကျင်လျက်ရှိကြောင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က အလေးအနက်ထားကာ ထပ်မံဖော်ပြလိုပါသည်။

မြန်မာနိုင်ငံ၏ အခြေအနေသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိပါးသော ပြဿနာတစ်ရပ်ဖြစ်သည်ဟု ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က မှတ်ယူလက်ခံခြင်းမရှိပါ။ လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံက မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါအတွင်းသို့ ရောက်ရှိအောင် အတင်းဖိအားပေး၍ ဆောင်ရွက်နေခြင်းကိုလည်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ဆန့်ကျင်ကန့်ကွက်ပါသည်။

မြန်မာနိုင်ငံ၏ အရေးကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါအတွင်း ထည့်သွင်းရန် ဆောင်ရွက်ခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူဝါဒနှင့် ရည်မှန်းချက်များ (အထူးသဖြင့်အပိုဒ်–၂၄)ကို ဖောက်ဖျက်ရာရောက်ပါသည်။ သို့ဖြစ်၍ လုံခြုံရေးကောင်စီအနေဖြင့် ၎င်း၏ လုပ်ငန်းတာဝန်များအား ဆောင်ရွက်ရာတွင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကိုလက်ကိုင်ပြုလျက် မူဝါဒများအပေါ် အပြည့်အဝလေးစားလိုက်နာစေလိုကြောင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက ထပ်လောင်း၍ အလေးအနက် ဖော်ပြအပ်ပါသည်။

ယင်းသို့ စာရေးသား အကြောင်းကြားခဲ့သော်လည်း မြန်မာနိုင်ငံ အရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သဖြင့် စက်တင်ဘာ ၁၇ရက်တွင် ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ ကျင်းပသည့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ ထိပ်သီးညီလာခံကလည်း မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းခြင်းသည် လုံခြုံရေးကောင်စီအနေဖြင့် ၎င်း၏ လုပ်ပိုင်ခွင့်ဘောင်မှ ကျော်လွန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် "လုံခြုံရေးကောင်စီက အထွေထွေညီလာခံနှင့် စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ လုပ်ပိုင်ခွင့်များအား ဝင်ရောက်စွက်ဖက် လုပ်ဆောင်ခြင်းကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က စိုးရိမ်မကင်းဖြစ်ကြောင်း" ဟူသည့်စာပိုဒ်ကို ထိပ်သီးညီလာခံ ကြေညာစာတမ်း (Final Document) တွင် ဖော်ပြခဲ့ပါသည်။

ထို့အပြင် လုံခြုံရေးကောင်စီဆိုင်ရာ ကဏ္ဍတွင်လည်း "နိုင်ငံအကြီးအကဲများနှင့် အစိုးရအကြီးအကဲများက လုံခြုံရေးကောင်စီအား ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကို လေးစားလိုက်နာရန် တောင်းဆိုကြောင်း၊ လုံခြုံရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်မှုမရှိသည့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီတွင် အလွတ်သဘောဖြစ်စေ၊ တရားဝင်ဖြစ်စေ ဆွေးနွေးခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာချုပ် အပိုဒ်(၂၄)နှင့် ဆန့်ကျင်နေကြောင်း" ဟူသည့် စာပိုဒ်ကို ထည့်သွင်းဖော်ပြခဲ့ကြောင်း သိရပါသည်။ ဆက်လက်၍ ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့၏ မူဝါဒနှင့် အခန်းကဏ္ဍဆိုင်ရာ ကြေညာစာတမ်း၌လည်း "လက်ရှိအစိုးရကို ပြုတ်ကျစေပြီး အစိုးရသစ်တင်ရန် (Regime Change) ကြိုးပမ်းမှုများကို ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့က ပယ်ချသည်" ဟူသည့် စာပိုဒ်ကို ထည့်သွင်းဖော်ပြခဲ့ကြောင်း သိရပါသည်။

အဆိုပါ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ထိပ်သီးညီလာခံသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့ အကြီးအကဲ ၅၇ဦးတို့အပါအဝင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် ၁၁၈နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

ဤမျှဆိုလျှင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ရန်အတွက် ကုလသမဂ္ဂကို အသုံးချခဲ့သော အမေရိကန်နိုင်ငံ၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ပြည်တွင်းရေးသာဖြစ်ပြီး နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်စေမှုမရှိကြောင်း၊ ပကတိအရှိတရားအတိုင်း ရှုမြင်လျက် ဘက်လိုက်ခြင်း ကင်းစွာဖြင့် မြန်မာနိုင်ငံဘက်မှ ထောက်ခံလျက်ရှိကြသော ကမ္ဘာ့နိုင်ငံများ၏ ရပ်တည်မှုကိုလည်းကောင်း နှိုင်းယှဉ်သုံးသပ်နိုင်ပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# ရှမ်းပြည်နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် အစည်းအဝေး(၂၀၀၆) ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၈

**ရှမ်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)ကို စက်တင်ဘာ၂၃ရက် နံနက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်နယ်၊ခရိုင်၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ တက်ရောက်ကြသည်။**

### ရှင်းလင်းတင်ပြ

အစီအစဉ်အရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ် မောင်မယ်များက ရာသက်ပန် ပြည်ထောင်စု သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်နယ်အသင်း အတွင်းရေးမှူး ဦးညဏ်လင်းက အသင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက အမှာစကားပြောကြားသည်။

ယင်းနောက် လူမှုရေးကဏ္ဍများ၌ ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် အသင်းဝင်များအား ပြည်နယ်အသင်း အလုပ်အမှုဆောင် ဦးစိုင်းလုံကျော်နှင့် ပြည်နယ်အသင်းအတွင်းရေးမှူးဦးညဏ်လင်းတို့က လည်းကောင်း၊ ၂၀၀၅–၂၀၀၆ ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး **(ယာပုံ)** က လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်၍ တိုင်းမှူးက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အစည်းအဝေးကို အစီအစဉ်များ အတိုင်း ဆက်လက်ကျင်းပသည်။

### မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ညောင်ရွှေမြို့ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားဒေသစာရီကြွချီ သီတင်းသုံးမည့် ဓမ္မဝိဟာရဒေသစာရီကျောင်းတော်ရှိ စံကျောင်းတော်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ တိုင်းမှူးအား ညောင်ရွှေမြို့ ဖောင်တော်ဆိပ်၌ အင်းလေးကန်အတွင်း ဖော်တော်ဦးမြတ်စွာဘုရား ဒေသစာရီ ကြွချီပူဇော်မည့် အစီအစဉ်များကို တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်နှင့် ညောင်ရွှေ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က ရှင်းလင်း တင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် ညောင်ရွှေမြို့ ကမ်းနားလမ်းရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ဖောင်တော်ဦး မြတ်စွာဘုရား ဒေသစာရီကြွချီမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားကာ အင်းလေးကန်အတွင်း စက်လှေများဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

### ဆက်ကပ်ပူဇော်

တိုင်းမှူးသည် မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ် နမ့်ဟူးကျေးရွာ ရတနာစံကျောင်းတော်သို့ သွားရောက်၍ အင်းလေးဖောင်တော်ဦး ဘုရားအား ဖူးမြော်ကြည်ညိုကာ ရွှေသင်္ကန်းများ ဆက်ကပ်ပူဇော်သည်။

ယင်းနောက် တိုင်းမှူးသည် ဘုရားအတွင်းရှိ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအားတွေ့ဆုံ၍ ဖောင်တော်ဦး ဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆွေးနွေးမှာကြားသည်။

**(သတင်းစဉ်)**

# လုပ်ငန်းလျင်မြန်တိုးတက်ရေး ကွန်ပျူတာကိုအစွမ်းကုန်အသုံးချ e-Government ပညာရပ်များ ကြိုးစားလေ့လာ

နေပြည်တော် စက်တင်ဘာ ၂၈

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန e-Government လုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၅ရက်က နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

သင်တန်းဖွင့်ပွဲသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားရာ၌ ရုံးလုပ်ငန်းများ ပိုမိုချောမွေ့ သွက်လက်စွာ ဆောင်ရွက်နိုင်ရေး၊ အချိန်တိုအတွင်း ပြီးစီးရေး၊တစ်နေရာတည်းမှ Command Control ပြုလုပ်ပေးနိုင်ရေး စသည့်အဆင့်မြင့်ရုံးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးအတွက် ဤဝန်ကြီးဌာနအနေဖြင့် ကြိုးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၌ ဖွင့်လှစ်သည့် သင်တန်းများသို့လည်း ဤဝန်ကြီးဌာနမှ သင်တန်းသားများ စေလွှတ်၍ သင်ကြားစေခဲ့ကြောင်း၊ လုပ်ငန်းလျင်မြန် တိုးတက်မှုရှိစေရေး အတွက် ကွန်ပျူတာကို အစွမ်းကုန် အသုံးချရန် သင်တန်းသားများအနေဖြင့် ယခုသင်ကြားပို့ချပေးမည့် e-Government ပညာရပ်များကို ကြိုးစား လေ့လာ သင်ယူကြစေလိုကြောင်း ပြောကြားသည်။

### တက်ရောက်

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ သင်တန်းသား သင်တန်းသူ ၃၀တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အောင်ဇမ္ဗူရိပ်သာ ဘုံကထိန်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အင်္ဂလားလေးရပ် အောင်ဇမ္ဗူရိပ်သာ ရွာဦးကျောင်း၏ သတ္တမအကြိမ်မြောက် ဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲကို လာမည့် (တန်ဆောင်မုန်းလဆန်း ၁၁ရက်) အောက်တိုဘာ၃၁ရက်တွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရောက် ရွာသူရွာသားများ၊ ရွာဦးကျောင်းဆရာတော် ဦးကုသလ၏ ရပ်ဝေးမှ ဒါယကာ ဒါယိကာမများ ကထိန်သင်္ကန်းကပ်လှူပွဲသို့ တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က–ပ)**

# နိုင်ငံတော်က ကိုကိုးကျွန်းမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံဖြည့်ဆည်း ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၈

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ယနေ့နံနက်ဂနာရီက မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတားခန်းမ၌ ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအားတွေ့ဆုံ၍ နိုင်ငံတော်အစိုးရက ကိုကိုးကျွန်းမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။**

### ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမှူးက ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်း ၁၆ဦး အတွက် ငွေကျပ် ၃၂၀၀၀၊ ခရီးသည် ၄၂ ဦး အတွက် ငွေကျပ် ၄၂၀၀၀ နှင့် ကိုကိုးကျွန်းမြို့နယ်၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၁၈၃ ဦးအတွက် စက်တင်ဘာလ ထောက်ပံ့ငွေ ကျပ် ၂၇၄၅၀၀ စုစုပေါင်းငွေကျပ် ၃၄၈၅၀၀ ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးသည် ကိုကိုးကျွန်းမြို့နယ်သို့ထွက်ခွာမည့် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း တောင်ကြီးသင်္ဘောကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကိုကိုးကျွန်းမြို့နယ်နေ ပြည်သူများ ပညာဗဟုသုတ တိုးပွားစေရန်ရည်ရွယ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုက ကိုကိုးကျွန်းမြို့နယ်စာကြည့်တိုက်သို့လှူဒါန်းသည့် သုတရသ စာအုပ်မျိုးစုံ အုပ်ရေ ၅၀၀ ကို ကိုကိုးကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင်ထံ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမှာစကားပြောကြား

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက် တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ဒေါက်တာသန်းညွန့်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ပြန်လည်ရောက်ရှိ အာဆီယံပဋိညာဉ်စာတမ်းပြုစုရေး ပညာရှင်အစည်းအဝေးတက်ရောက်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂၈**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၃ ရက်မှ ၂၅ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဆီရန်ရိမြို့၌ ကျင်းပခဲ့သည့် အာဆီယံပဋိညာဉ်စာတမ်းပြုစုရေး ပညာရှင်ပုဂ္ဂိုလ်များ၏ ဆဋ္ဌမအကြိမ်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်သည် စက်တင်ဘာ ၂၅ရက် ညနေပိုင်းတွင် Sokha Angkor Hotel ၌ အာဆီယံပဋိညာဉ်စာတမ်းပြုစုရေး ပညာရှင်ပုဂ္ဂိုလ်များအား ဂုဏ်ပြုညစာဧည့်ခံခဲ့သည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဇယမင်္ဂလာကျောင်းတိုက် ဘုံကထိန်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၈**

မော်လမြိုင်မြို့ ဇယမင်္ဂလာကျောင်း (စုပေါင်းခြံကျောင်း)၏ ဒုတိယအကြိမ်မြောက် ဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျောင်းတိုက်မွှာရုံ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များ အချိန်မီ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ရန်ကုန်အဝေးသင်တက္ကသိုလ် ၂၀၀၆ပညာသင်နှစ် တတိယအသုတ် အနီးကပ်သင်တန်းနှင့်စာစစ်ဌာနများကြေညာ

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်အဝေးသင် တက္ကသိုလ်၏ ၂၀၀၆ ပညာသင်နှစ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၁၀ရက်မှ ၂၀ ရက်အထိ လည်းကောင်း၊ အတန်းတင်စာမေးပွဲများကို နိုဝင်ဘာ ၂၃ရက်မှ ၃၀ ရက်အထိလည်းကောင်း၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ထားဝယ် တက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်၊ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ် စာစစ်ဌာနများတွင် ကျင်းပမည်ဖြစ်သည်။

### ပထဝီဝင်အထူးပြု

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ (ဒဂုံတက္ကသိုလ်)တွင် မှတ်ပုံတင်ထားသော ပထမနှစ်၊ဒုတိယနှစ်နှင့်တတိယနှစ် စီးပွားရေးပညာအထူးပြုအားလုံး၊ သမိုင်းနှင့်ပထဝီဝင်အထူးပြုကျောင်းသားများသည် ဒဂုံတက္ကသိုလ်တွင် အနီးကပ်ပို့ချသင်တန်းတက်ရောက်ကြရမည်ဖြစ်ပြီး ပထနှစ်ပထဝီဝင်အထူးပြု ကျောင်းသားများသည် အထက(၁) မြောက်ဥက္ကလာပ၊ အထက(၂) မြောက်ဥက္ကလာပ၊ အထက(၃) မြောက်ဥက္ကလာပ၊ အထက(၄) မြောက်ဥက္ကလာပ၊ အထက(၅) မြောက်ဥက္ကလာပတွင်လည်းကောင်း၊ ပထမနှစ် စီးပွားရေးအထူးပြုများသည် အထက(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၄) ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင်လည်းကောင်း၊ပထမနှစ်စီးပွားစီမံအထူးပြု ကျောင်းသားများသည် အထက(၄) ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင်လည်းကောင်း၊ ပထမနှစ် သမိုင်းအထူးပြုများသည် အထက(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင်လည်းကောင်း စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တွင် မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေး အထူးပြုအားလုံး၊ သမိုင်းနှင့် ပထဝီဝင်အထူးပြုကျောင်းသားများသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြပြီး စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

### တက်ရောက်

ရန်ကုန်အဝေးသင်တက္ကသိုလ် အနောက်ပိုင်းဌာနခွဲ (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)တွင် မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးအထူးပြု အားလုံး၊ သမိုင်း၊ ပထဝီဝင်အထူးပြု ကျောင်းသားများသည် ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်တွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ နယ်ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်စီးပွားရေးပညာအထူးပြု ကျောင်းသားများ၊ သမိုင်းနှင့်ပထဝီဝင် အထူးပြုကျောင်းသားများသည် မိမိတို့နှင့်သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အနီးကပ်ပို့ချ သင်တန်းများ တက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ် ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်ဌာနခွဲများနှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် ကြေညာထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ကျိုက်ဒေးယျုံဆရာတော်တရားပွဲ

**ရန်ကုန် စက်တင်ဘာ ၂၈**

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် ကျိုက်ဒေးယျုံအရှင်ဥတ္တရ (ဓမ္မာစရိယ နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ)သည် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ကျိုက်ဒေးယျုံ ဝါတွင်းကာလ အထူးတရားစခန်းပွဲ၊ အောက်တိုဘာ ၁ ရက် သန်လျင်မြို့ ဒါရိုကာရပ်ကွက် ဆွမ်းလောင်းဓမ္မာရုံ တရားစခန်းပွဲ၊ အောက်တိုဘာ ၅ ရက်ည သန်လျင်မြို့ဆံတော်ရှင်ကျိုက်ဒေးယျုံစေတီတော် ဆွမ်းတော်ကြီးတင် ဆီမီး ၁၀၀၀ ပူဇော်ပွဲ၊ ၆ရက် ည သန်လျင်မြို့ အောင်သုခဓမ္မာရုံ တရားစခန်းပွဲ၊ ၇ ရက် ည သန်လျင် မြို့မဈေးဆွမ်းသိမ်းအောင်ပွဲ၊ ၂၃ရက်မှ ၂၉ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့၊ရသေ့တောင်မြို့၊ ဘူးသီးတောင်မြို့နှင့် မောင်တောမြို့များ၌ တရားတော်များဟောကြားမည်ဟု သိရသည်။ **(က-ပ)**

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၏ ရေချိုငါးမွေးမြူရေး နည်းပညာဆိုင်ရာဟောပြောပွဲ ၂၀၀၆တွင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး အဖွင့်အမှာစကားပြောကြားစဉ်။** (မွေး/ရေ)

# ရစ်ချ်တာစကေး ၅ ဒသမ ၂ ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် စက်တင်ဘာ ၂၈

**မြန်မာစံတော်ချိန် ၁၉နာရီ ၅၆မိနစ် ၃၂ စက္ကန့်အချိန်တွင် ထားဝယ်မြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင်၃၄၀ခန့် ကွာဝေးသော ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ထုတ်ပြန်သည်။** (သတင်းစဉ်)

# မုန်တိုင်းငယ်အနောက်မြောက်ဘက်သို့ရွေ့လျားမည်

ရန်ကုန် စက်တင်ဘာ ၂၈

**ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ရောက်ရှိပြီး အိန္ဒိယသမ္မတနိုင်ငံ ဘူဘန်နက်(စ်)ဝါမြို့၏ အရှေ့တောင်ဘက် မိုင် ၂၃၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။**

**အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။** (သတင်းစဉ်)

# ရေချိုငါးမွေးမြူရေးနည်းဆိုင်ရာ ဟောပြောပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၈**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၏ **“ရေချိုငါးမွေးမြူရေး နည်းပညာဆိုင်ရာဟောပြောပွဲ ၂၀၀၆”**ကို ယနေ့နံနက် ၉ နာရီခွဲက အင်းစိန်မြို့နယ် ဘုရင့်နောင် လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးခင်ကိုလေး တက်ရောက် အမှာစကားပြောကြားသည်။

### ပြောကြား

ထို့နောက် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်က ရေချိုငါးမွေးမြူရေး နည်းပညာဆိုင်ရာများ ကျယ်ပြန့်ပွားများလာစေရေး၊ တိုက်ရိုက်မွေးမြူသူများအား နိုင်ငံတကာ ပညာရှင်များက နည်းပညာများဖလှယ်ဆွေးနွေးခြင်းဖြင့် အကျိုးကျေးဇူးများပြားလာနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### ဆွေးနွေး

ဆက်လက်၍ ထိုင်းနိုင်ငံ Betagro Group မှ Export Department Manager Mr. Jeerung Umjang က ငါးပုစွန်မွေးမြူရေး ဆေးဝါးများအကြောင်းနှင့် ထိုင်းနိုင်ငံ Kasetsart University, Departmen of Aquaculture, Faculty of fisheries မှ Professor Dr. Orapint Jintasaporm (Ph.D) က တီလားပီးယားငါးမွေးမြူရေးဆိုင်ရာ လက်တွေ့နည်းပညာများကို ဟောပြော ရှင်းလင်းရာ တက်ရောက်လာသူများ၊ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်း အသင်းဝင်များ၊ စိတ်ပါဝင်စားသူများက ပြန်လည်ဆွေးနွေးမေးမြန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက် ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းညှိနှိုင်း

ရန်ကုန် စက်တင်ဘာ ၂၈

ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်သူလူထု အခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းအတွင်း အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြား နာတာရှည်ရောဂါလူနာများနှင့် မိသားစုများအတွက် လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူ လူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ညှိနှိုင်းပွဲကို ယမန်နေ့နံနက် ၉ နာရီက သာကေတ မြို့နယ် ဇဂ်မလမ်းရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့် **(အပေါ်ပုံ)** က ပြည်သူလူထုအခြေပြု ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ထမ်းများ၏ ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်က ကျန်းမာရေးဆောင်ရွက်မှု လုပ်ငန်းများတွင် အသင်းကြီးက ပူးပေါင်းပါဝင်မှုကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်က အမျိုးသမီးရေးရာ အဖွဲ့ဝင်များအနေဖြင့် မြို့နယ်အတွင်း ရောဂါကာကွယ်တားဆီးရေးနှင့် ကျန်းမာရေးစောင့် ရှောက်ပေးမှု လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

**လိုအပ်ချက်**

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မေမာလာက လူနာများ၏ လိုအပ်ချက်နှင့် အညီ ဖြည့်ဆည်းဆောင်ရွက်ရမည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း ဒုတိယဥက္ကဋ္ဌ (၁) ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ညိုက အိမ်တိုင်ရာရောက် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုနှင့် သူနာပြုစုမှု လုပ်ငန်းကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်သန်းအေးက သာကေတမြို့နယ်အတွင်း လူမှုရေးအသင်း အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်း အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ကျန်းမာရေးပညာပေး**

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများသည် သာကေတမြို့နယ် အတွင်းရှိ ရပ်ကွက်များသို့ကွင်းဆင်း၍ အေအိုင်ဒီအက်စ် ရောဂါ အပါအဝင် တီဘီ ရောဂါနှင့် အခြားနာတာရှည်ရောဂါဝေဒနာရှင်များ ကျန်းမာရေး စစ်ဆေးပေးခြင်း၊ အာဟာရဖွံ့ဖြိုးရေး အတွက် အစားအသောက်များနှင့် သုံးဆောင်အားဆေးပြားများ ပေးဝေပေးခြင်း၊ တီဘီ ရောဂါဝေဒနာရှင်များ ဆေးဝါးမပြတ်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ လူနာအားပြုစုနည်းများ စနစ်တကျဖြစ်စေရန် လက်တွေ့ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ဖက်သောမိဘများနှင့် ညီမ အတူး၊ မောင် ကိုအေးဖေ၊ သား မောင်အောင်သူလတ်၊ မြေး မောင်ကျော်ဇင်သန့်တို့အား ရည်စူး၍ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် မြောက်ပိုင်း (၂၉) ရပ်ကွက်နေ ဦးတင်လတ်–ဒေါ်ဟန်ညွန့်၊ သား ကိုမိုးသူ၊ မဆွေမာ၊ မဝင်းဝင်းနွယ်နှင့် မြေးများက ဒဂုံမြို့နယ်၊ အမှတ် ၁၆၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၁၀၀၀၀ ကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

# လောက်ကိုင်တွင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများညှိနှိုင်း မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်စစ်ဆေး ကိုးကန့်ဒေသ ဘိန်းအစားထိုး စမ်းသပ်စိုက်ခင်းများကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၂၈

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်နှင့် 'ဝ'ဒေသရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးရန် စက်တင်ဘာ ၁၇ ရက်က လားရှိုးမြို့မှတစ်ဆင့် လောက်ကိုင်မြို့သို့ ရောက်ရှိပြီး ညပိုင်းတွင် ဒေသမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။ ညွှန်ကြားရေးမှူးချုပ်သည် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက လောက်ကိုင် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်စစ်ဆေးပြီး ထိုမှတစ်ဆင့် ဘိန်းအစားထိုးစံပြစိုက်ခင်းများအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ပံ့ပေးထားသော အထွက်ကောင်းမျိုးများ စိုက်ပျိုးထားသည့် မန်ခါးစပါးစိုက်ခင်း၊ စီအောစပါးစိုက်ခင်းနှင့် မူကွာကျိုင်း စပါးစိုက်ခင်းများသို့ သွားရောက်စစ်ဆေးသည်။ ၎င်းမှ နားလီရွာသို့ ရောက်ရှိပြီး ဂျပန်နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်နေသော ကိုးကန့်ဒေသဘိန်းအစားထိုး စိုက်ပျိုးရေးစီမံကိန်း၏ စမ်းသပ်စိုက်ခင်းများ** (အောက်ပုံ) **နှင့် သင်တန်းအဆောင် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ၎င်းမှ တာရှွေထန်ဘိန်းအစားထိုးပြောင်းခင်းများ ဖြစ်ထွန်းမှုနှင့် ဘိန်းအစားထိုး သစ်ကြားပျိုးပင်များ ဖြန့်ဝေပြီးစီးမှုနှင့် ဆက်လက်ပျိုးထောင်မှုအား ကြည့်ရှုသည်။**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် စက်တင်ဘာ ၁၉ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံနယ်စပ်ဒေသ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့်တောင်သူများအား ဆန်တန်ချိန် ၁၀၀၀၀ ထောက်ပံ့သည့် အခမ်းအနားနှင့် နှစ်နိုင်ငံဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ဦးဆောင်ကျင်းပသည်။

စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် လောက်ကိုင်မြို့ရှိ နယ်လှည့်ဖွံ့ဖြိုးရေးရုံးနှင့် စက်ပြင်အလုပ်ရုံတို့ကို စစ်ဆေးခဲ့သည်။ ဆက်လက်၍ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လောက်ကိုင်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးရာ ကျောင်းအုပ် ဦးစိုင်းသန်းထွင်နှင့် နည်းပြများက ရှင်းလင်းတင်ပြပြီး သင်တန်းလက်တွေ့ဆောင်ရွက်မှုများကို စစ်ဆေးသည်။ ၎င်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောက်လုပ်ထားသည့် လောက်ကိုင်မြို့ ပြည်သူ့ဆေးရုံသစ်သို့ သွားရောက်စစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ **(သတင်းစဉ်)**

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မရမ်းကုန်းမြို့နယ်ရုံး၏ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဟန်ရွှေ၊ ကျောင်းအုပ်ဆရာကြီး ဦးမြသန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်ပြန်/ဆက်)

# မိုက်တီးလေးများလူကြိုက်များ ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာ ပြန်ဝင်လာ

**ရုပ်ရှင် သတင်းထောက်**

**ရန်ကုန် စက်တင်ဘာ ၂၈**

လွင်မိုး၊ လူမင်း၊ ရာဇာနေဝင်း၊ မင်းမော်ကွန်းတို့ ပါဝင်သရုပ်ဆောင်ထားသော **မိုက်တီးလေးများ** ဓာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုံများတွင် လူကြိုက်များလျက် ရှိသည်။

ဆိုးချင်တိုင်း ဆိုး၊ ရမ်းချင်တိုင်း ရမ်းနေသော မိသားစုလေးကို စေတနာ မှန်သော မေတ္တာတရားဖြင့် အလင်းရောင်ပေးလိုက်သောအခါ အကောင်းဘက်သို့ အရောင်ပြောင်းလာပုံများကို အချစ်၊ အလွမ်း၊ အကြမ်း၊ ဟာသရသစုံ ပါဝင်အောင် ရိုက်ကူးတင်ဆက်ထားသည်။

မိုက်တီးလေးများမှ မင်းမော်ကွန်းနှင့် အိန္ဒြာကျော်ဇင်တို့၏ အပြုံးအပျော်။

**မျှော်လင့်ခြင်းများစွာ** ဓာတ်ကားမှာ ဝဇီရာ(၁)၊ ဝဇီရာ(၂)၊ မြရတနာနှင့် မင်းရန်အောင်ရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

ဆင်ခြင်တုံတရားနှင့် သစ္စာတရားကို ဖော်ကျူးထားသော ဂုဏ်ရှိန်ပြင်းတဲ့ **ချစ်ခြင်းသိက္ခာ** ဓာတ်ကားမှာ ဘုရင့်ရုံတွင် တစ်ကျော့ပြန် ရုံဝင်လာသည်။ **ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ** တွင် ရန်အောင်၊ ထွန်းအိန္ဒြာဗို၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်တို့ ပါဝင်ခံစား တင်ပြထားသည်။

**နိုင်ငံခြားကားများ**

ရွှေ့ဆောင်တွင် Sahara၊ နေပြည်တော်ရုံတွင် Superman Returns၊ ရွှေဂုန်ရုံ အပေါ်ထပ်တွင် Born American၊ ရွှေဂုန်ရုံ မြေညီထပ်၌ Salaakhen၊ မြို့မရုံတွင် Dil Hai Tumhaara၊ ဆုထူးပန်ရုံတွင် Ram jaane ဓာတ်ကားများ ပြသလျက်ရှိသည်။

နဂါးလမ်းမှ ဇူးဇူးမောင်၊ ကျော်ရဲအောင်နှင့် နေတိုး။

**ဗီဒီယိုဓာတ်ကားများ**

ရွှေဖဟို၊ ဘုရင့်နောင်၊ ရောဝတီရုံတွင် **နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ** ဆက်လက်ပြသနေပြီး မြို့လယ် စံပြ၊ သီတာ၊ ရွှေမန်းရုံများတွင် **နဂါးလမ်း** အဆင့်မြင့် မြန်မာဗီဒီယို ဓာတ်ကားဆက်လက် တင်ဆက်နေဆဲ ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

# နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိဇယာရာမ(အရှေ့)တိုက် ဆရာတော် ဘဒ္ဒန္တမာလာလင်္ကာရ၏

## ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း



ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် မင်းတည်ကုန်းရွာ ခမည်းတော် ဦးမြတ်ထွား၊ မယ်တော် ဒေါ်အေးစိုးတို့မှ ၁၂၆၇ ခုနှစ် တပို့တွဲလပြည့်ကျော်(၁)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူ၍ မွေးချင်းသုံးယောက်အနက် အကြီးဆုံး သားရတနာဖြစ်သည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဒီပဲယင်းမြို့နယ် မင်းတည်ကုန်း အရှေ့အုဋ္ဌကျောင်းဆရာတော် ဦးပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၂၈၇ ခုနှစ် တန်ခူးလပြည့်ကျော် ၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်အချိန်တွင် ဒီပဲယင်းမြို့နယ် မင်းတည်ကုန်း အရှေ့အုဋ္ဌကျောင်း ခဏ္ဍသိမ်၌ ချောင်းဦးတောရဆရာတော် ဦးလင်္ကာဒီပကို ဥပဇ္ဈာယ်ပြု၍ တောင်သူကြီး ဦးပေါ်ဟန်-ဒေါ်အေးဖြူတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃ နှစ်သားအရွယ် ရှင်သာမဏေဘဝတွင် မင်းတည်ကုန်းကျေးရွာ အရှေ့အုဋ္ဌကျောင်းဆရာတော် ဦးပဏ္ဍိစ္စထံ၌ အခြေခံ ပရိယတ္တိစာပေများသင်ယူတော်မူခဲ့ပြီး ရဟန်းဘဝတွင် မင်းတည်ကုန်း မြောက်ကျောင်းဆရာတော် ဦးသုန္ဒတ၊ မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်၊ ဒီပဲယင်းဆရာတော် ဦးဉာဏ၊ စည်ရှင်ဆရာတော် ဦးကောသလ္လ၊ အမရပူရမြို့၊ တူးမောင်းတိုက် ဓမ္မဝါစကကျောင်း ဆရာတော် ဦးနန္ဒိယ၊ မိုးကုတ်ဆရာတော် ဦးဝိမလ၊ မင်္ဂလာတိုက်သစ်ဆရာတော် ဘုရားကြီးတိုက် ပခန်းကျောင်း ဆရာတော် ဦးသုန္ဒရ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ(အရှေ့) တိုက်သစ် တိုက်တည်ဆရာတော်ကြီး (အဂ္ဂမဟာပဏ္ဍိတ) ဦးဇောတိက၊ (အဂ္ဂမဟာပဏ္ဍိတ)ဆရာတော် ဦးဉာဏိန္ဒတို့ထံတွင် ပိဋကသုံးပုံ၊ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို သင်ကြားဆည်းပူးတော်မူခဲ့သည်။

### စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၁၇ ခုနှစ် ဝါဆိုလပြည့်နေ့တွင် မဟာဝိဇယာရာမ(အရှေ့)တိုက်၏ ဂဏဝါစကအဖြစ် ချီးမြှောက်မှုကိုခံယူပြီး ဂဏဝါစကအဖြစ် နှစ် ၂၀၊ တိုက်အုပ်စာချအဖြစ် ၁၆ နှစ် စုစုပေါင်း ၃၆ နှစ်ကျော် စာသင်သားသံဃာတော် ၄၅၀ ကျော်တို့အား အစဉ်မပြတ် ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူခဲ့သည်။ ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ တိကာရက တာဝန်၊ ဆဋ္ဌသင်္ဂါယနာ ဘာဏက တာဝန်၊ မဟာဝိဇယာရာမတိုက် ကထိကတာဝန်၊ မူလစာချတာဝန်၊ မဟာဝိဇယာရာမ(အရှေ့)တိုက်ကြီး၏ စတုတ္ထမြောက်ဦးစီး ပဓာန တာဝန်များအပြင် ပခုက္ကူ ဖောင်းတော်ဦး ဂေါပကအဖွဲ့၊ သီဟိုဠ်ရှင် ဘုရားဂေါပကအဖွဲ့၊ ပခုက္ကူစာဖြေဌာန၊ ကုသလဝါယမ ဆွမ်းလောင်းအသင်း၊ သာသနနုဂ္ဂဟ ဆွမ်းလောင်းအသင်းတို့၏ သြဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး နိုင်ငံတော်သြဝါဒါစရိယ တာဝန်ကိုပါ ဆောင်ရွက်တော်မူခဲ့သည်။

### အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဆရာတော်သည် ဗုဒ္ဓမြတ်စွာသာသနာတော်၏ အကျိုးကို ထက်သန်သော လုံ့လဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်း၊ ဝိနယဂရုက၊ လဇ္ဇီပေသလ သိက္ခာကာမ ရတ္တညူမဟာနာယကဂုဏ်၊ လောကပတ္ထဘာရဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် နိုင်ငံတော်အစိုးရက ၁၉၉၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၁၀၁)နှစ်၊ သိက္ခာတော်(၈၁)ဝါအရ (၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက်) ၂၇-၉-၂၀၀၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီ ၄၅ မိနစ်အချိန်တွင် သီတင်းသုံးရာ မဟာဝိဇယာရာမ(အရှေ့)တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တမာလာလင်္ကာရ ပျံလွန်တော်မူ

ရန်ကုန် စက်တင်ဘာ ၂၈

နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိဇယာရာမ (အရှေ့)တိုက်၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တမာလာလင်္ကာရ သက်တော်(၁၀၁)နှစ်၊ သိက္ခာတော်(၈၁)ဝါရှိ ဆရာတော်ကြီးသည် ၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက် (စက်တင်ဘာ ၂၇ ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် သီတင်းသုံးရာ မဟာဝိဇယာရာမ(အရှေ့)တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## မြောက်ဥက္ကလာပ သံဃာ့ဝန်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် မြို့နယ်သံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအကြိမ် ဆဋ္ဌနှစ်ပတ်လည်အစည်းအဝေးကို(စက်တင်ဘာ ၂၃ ရက်) စနေနေ့က ရွှေပေါက်ကံမြို့သစ် (၂၁)ရပ်ကွက် မြို့ဦးကျောင်းတိုက် သာသနသောဘိဏီသိမ်တော်၌ ကျင်းပရာ တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် မြို့နယ်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒနှင့် အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရ အမှူးပြုသော မြို့နယ် သံဃာ့ဝန်ဆောင် ဆရာတော်များ စုံညီ ကြွရောက်တော်မူကြသည်။

(အပေါ်ပုံ)

### လောင်းလှူ

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်ညွန့်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ မြို့နယ် သာသနာရေးမှူး၊ မြို့နယ် ဥပဋ္ဌာပကအဖွဲ့ လူကြီးမင်းများ၊ ရွှေပေါက်ကံမြို့သစ် ဥပဋ္ဌာပကအဖွဲ့၊ ရွှေပေါက်ကံမြို့သစ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အမှူးပြုသော စေတနာရှင်များက သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ကြသည်။

(က-ပ)

### ☆ ကျောဖုံးမှ

## လွှဲအပ်ချီးမြှင့်မည်

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ IOC အနေဖြင့် အားကစားဆိုင်ရာဆု(Trophy)ကို နှစ်စဉ်ချီးမြှင့်ပေးအပ်လျက်ရှိရာ ယခုနှစ်အတွက် သတ်မှတ်ထားသည့် ဆုအကြောင်းအရာမှာ Sports and The Community ဖြစ်၍ မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်အား ချီးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ(MOC)က ယခုနှစ်ဇန်နဝါရီလတွင် သတ်မှတ်ဆုံးဖြတ်ခဲ့ပြီး ယင်းအဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို IOC ထံ ဧပြီလခန့်က ပေးပို့ခဲ့ကြောင်း၊ IOC က စနစ်တကျရွေးချယ်၍ ဆုကြေညာပြီး ဆုကို မိမိတို့ထံပေးပို့ခဲ့ရာ မကြာမီက လက်ခံရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ယင်းဆုကို မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်သို့ မကြာမီအတွင်း တရားဝင်လွှဲအပ် ဂုဏ်ပြုချီးမြှင့်သွားမည် ဖြစ်သည်။

### ဆုရရှိခဲ့ဖူး

ယခင်နှစ်က ဆုအကြောင်းအရာမှာ Sport & Fair Play ဖြစ်၍ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းခေါင်းဆောင် စိုးမြတ်မင်းအား ချီးမြှင့်ခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်မှစ၍ နှစ်စဉ် အကြောင်းအရာအလိုက် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သို့ချီးမြှင့်ခဲ့ရာ ယခင်က မြန်မာနိုင်ငံမှ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ ရန်ကုန်မြို့တော်ဝန်နှင့် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်ဥက္ကဋ္ဌတို့လည်း ဆုရရှိခဲ့ဖူးသည်။

### ကြိုးပမ်းဆောင်ရွက်

ယခုနှစ်အတွက် ဆုရရှိသော မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ကို ၁၉၉၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့၍ ၂၀၀၁ ခုနှစ်မှစ၍ လက်ရှိအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က လွှဲပြောင်းတာဝန်ယူခဲ့ပြီး ယခုအခါ အမှုဆောင်ကော်မတီဝင် ၁၅ ဦးဖြင့် မြန်မာ့အားကစား တိုးတက်မြင့်မားလာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ပြည်သူလူထုသိရှိစေရေးနှင့် ပြည်သူလူထုက အားကစားလုပ်ငန်းများတွင် စိတ်ပါဝင်စားစွာ ပါဝင်အားပေးပူးပေါင်း ဆောင်ရွက်လာစေရေးတို့အတွက် တက်ကြွစွာ ဆောင်ရွက်လျက်ရှိသော အဖွဲ့ချုပ် တစ်ဖွဲ့ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

## ဗိဝိတဒါနသံဃာ့ဆေးရုံကြီး ပဒေသာပင်အလှူရှင်များ (၄၃)ကြိမ်မြောက် ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပမှ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကြသော ပဒေသာပင်အလှူရှင်များ၏ (၄၃)ကြိမ်မြောက် ရေစက်ချမင်္ဂလာပွဲနှင့် အလှူရှင်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါ ဆေးရုံကြီး ဝေဇယန္တာဆောင် ရှစ်ထပ်အဆောက်အအုံ၌ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်နှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### တင်ပြလျှောက်ထား

ရှေးဦးစွာ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ ဆရာတော်ကြီးထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ တင်ပြလျှောက်ထားသည်။

ထို့နောက် ဆရာတော် သံဃာတော်တို့အား ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်ကြီးက အနုမောဒနာတရား ဟောကြားပြီး အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## သန်လျင် ဖားအောက်တောရ ဘုံကထိန်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈

သန်လျင်မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာ့ရိပ်သာ ဖားအောက်တောရရိပ်သာ၌ (သန်လျင်)၏ နဝမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၁၄ ရက်(စနေနေ့)နံနက် ၈ နာရီခွဲတွင် သီရိခေမာဓမ္မဇိမာန်တော်ကြီး၌ကျင်းပမည်ဖြစ်ရာ အလှူရှင်များ အနေဖြင့် အချိန်မီ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## တစ်ချက်တည်းကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၂၈

ဦးဖြိုးဝေထက်သည် ကစားဖော်များဖြစ်ကြသော ဦးမျိုးမြတ်ကျော်၊ ဦးခန့်မင်းထက်၊ ဦးမျိုးသိန်းနှင့် ဦးမြင့်ဦးတို့နှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြကန်သာကွင်း၌ ယနေ့ညနေပိုင်းတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်-၁၁ ၌ ကိုက် ၁၂၀ အကွာမှ Titleist No-2 ဘောလုံးကို Rapir P.W တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပန်းချီပန်းပုပြပွဲ လက်ရာမွန်များပေးပို့ရက် တိုးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၈

**မြန်မာနိုင်ငံ ပန်းချီပန်းပုပြပွဲကြီးကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလအတွင်း မန္တလေးမြို့ မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သည်။ စက်တင်ဘာ ၂၀ ရက်မှစ၍ ပြပွဲတင် ပန်းချီ၊ ပန်းပုလက်ရာမွန်ကို ရန်ကုန် ပန်းချီပန်းပုကျောင်း၌ လက်ခံလျက်ရှိရာ အောင်လံမြို့၊ မော်လမြိုင်မြို့၊ ကျိုက်ထိုမြို့နယ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ပညာရှင်အသီးသီးတို့ကလည်း အင်တိုက်အားတိုက် ပေးပို့လျက်ရှိကြသည်။**

**ထို့အပြင် မန္တလေးမြို့ ပန်းချီပန်းပုကျောင်း၌လည်း ပန်းချီပန်းပုလက်ရာများကို လက်ခံလျက်ရှိရာ မုံရွာ၊ ပြင်ဦးလွင်၊ ရွှေဘော၊ ကျောက်ဆည်၊ ပုသိမ်ကြီး၊ မြစ်သား၊ အမရပူရနှင့် မန္တလေးမြို့နယ် ငါးမြို့နယ်တို့မှ အစည်းအရုံးဝင်များ ပညာရှင်များကလည်း ပန်းချီပန်းပုလက်ရာကောင်းများကို လာရောက်ပေးပို့လျက်ရှိရာ ယခင်က ပန်းချီပန်းပုလက်ရာများကို စက်တင်ဘာ ၂၇ ရက် နောက်ဆုံးထားပေးပို့ရန် ကြေညာထားသော်လည်း ပညာရှင်များ အဆင်ပြေချောမွေ့စွာပေးပို့နိုင်ရေးအတွက် စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား ပေးပို့ကြပါရန် နှီးဆော်ထားကြောင်း သိရသည်။**

(က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၉-၂၀၀၆ (သောကြာနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | MyanmarVideo Rhythm |
| ၈:၀၀ | တေးဂီတအစီအစဉ် |
| ၈:၀၅ | ဆက်ကပ်လှူဒါန်း ဝါဆိုမြတ်သင်္ကန်း |
| ၈:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၄၅ | ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ |
| ၈:၅၅ | တေးဂီတအစီအစဉ် |
| ၉:၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၀၅ | ကလေးတို့အတွက် လက်ဆောင် (ဘဲငန်းရုပ်ခေါက်နည်း) |
| ၉:၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၉:၃၅ | Midweek Sports News |
| ၉:၅၀ | တေးဂီတအစီအစဉ် |
| ၉:၅၅ | မေတ္တာရိပ်ဖြာပန်းဝင်္ကပါ |
| ၁၀:၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၂၀ | Yangon Panorama (Myint Soe's Expression) |
| ၁၀:၃၅ | တေးဂီတအစီအစဉ် |
| ၁၀:၄၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် (ခံတက်ရွက်) |
| ၁၀:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၅၅ | သူတို့ပြောတဲ့ သူတို့အကြောင်း (ကာတွန်းပညာရှင်များနှင့် တွေ့ဆုံခြင်း) (ကာတွန်းမြေဇာ) |
| ၁၁:၃၀ | တေးဂီတအစီအစဉ် |
| ၁၁:၃၅ | သဘာဝကပေးသော လက်ဆောင်များ |
| ၁၁:၄၅ | တေးဂီတအစီအစဉ် |
| ၁၁:၅၀ | ဒါ ဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ ညီဂျော၊ ဆုပန်ထွာ) |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ကမ္ဘာ့ဖလားပွဲတွင် ပယ်နယ်တီဖြင့် မဆုံးဖြတ်သင့် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာပြောကြား

ရေးသားတင်ပြသူ မြင့်မောင်စိုး

**လန်ဒန် စက်တင်ဘာ ၂၈**

လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် ပယ်နယ်တီကန်သွင်း၍ အဆုံးအဖြတ်မပေးသင့်တော့ကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ပြောကြားလိုက်သည်။

အီတလီအသင်းသည် ၂၀၀၆ ကမ္ဘာ့ဖလားတွင် ပြင်သစ်အသင်းကို ပယ်နယ်တီဖြင့် အနိုင်ယူပြီးနောက် လာမည့် အာဖရိက ၂၀၁၀ ကမ္ဘာ့ဖလားတွင် အပြောင်းအလဲများ ပြုလုပ်နိုင်ကြောင်း ဖီဖာဥက္ကဋ္ဌက အရိပ်အမြွက် ပြောကြားခဲ့သည်။

ဘောလုံးကစားခြင်းသည်အသင်းအဖွဲ့အလိုက်ကစားရသော အားကစားဖြစ်ပြီး ပယ်နယ်တီမှာ တစ်ဦးချင်း၊ တစ်ယောက်ချင်း ယှဉ်ပြိုင်ရသော အားကစားသာဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ။ (ဓာတ်ပုံ-အင်တာနက်)

အချိန်ပိုကစားခြင်းဖြင့် ကောင်းမွန်သော အဖြေကို ရှာနိုင်လိမ့်မည်သာဖြစ်ကြောင်း၊ ဗိုလ်လုပွဲဖြစ်လျှင် ပြိုင်ပွဲကို ပြန်လည်ကစားဖွယ်ရှိကြောင်း ဆပ်ဘလတ္တာက ပြောကြားသည်။ အနောက်ဂျာမနီအသင်းသည် ၁၉၈၂ ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲတွင် ပြင်သစ်အသင်းကို ပထမဆုံးပယ်နယ်တီကန်သွင်းပြီး အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

# အက်စ်တွန်ဗီလာအသင်းအား လုံးဝပိုင်ဆိုင်ရန် လာနာကြိုးစားနေ



လာနာ

**အက်စ်တွန်ဗီလာအသင်းကို ပိုင်ဆိုင်ရေး ကြိုးစားနေသော လာနာ။**

(ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် စက်တင်ဘာ ၂၈**

အမေရိကန်သူဌေး ရန်ဒီလာနာသည် အက်စတွန်ဗီလာအသင်း၏ အစုရှယ်ယာ ၉၀ရာခိုင်နှုန်းကျော်ကို ပိုင်ဆိုင်လာပြီးနောက် အသင်းကို လုံးဝပိုင်ဆိုင်ရန် ကြိုးစားလာသည်။

**ကြိုးစားမည်**

လာနာသည် မကြာမီ ကျန်ရှိသော ရှယ်ယာများကို ရယူရန် ကြိုးစားလိမ့်မည်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် စက်တင်ဘာ ၁၉ရက်မှစပြီး အက်စ်တွန်ဗီလာအသင်းဥက္ကဋ္ဌ တာဝန်ကို တရားဝင်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အမေရိကန် ကလီဗလင်း ဘရောင်းအသင်း၏ ပိုင်ရှင်ဖြစ်ပြီး အက်စ်တွန်ဗီလာအသင်း၏ အနာဂတ်ကို စီးပွားရေးအရ အသုံးချရန် ကြိုးစားနေသည်။

လာနာသည် ခရစ္စမတ်ကာလတွင်အက်စ်တွန်ဗီလာအသင်းမှ ပေါင်သန်း ၁၀၀ဖိုး စပွန်ဆာစာချုပ်ရရှိရန် မျှော်လင့်ထားသည်။ **(အင်တာနက်)**

# ဘာစီလိုနာအသင်းချယ်လ်ဆီးထက်သာနည်းပြ မော်ရင်ဟို ဝန်ခံခဲ့ရပြီ

**လန်ဒန် စက်တင်ဘာ ၂၈**

ဘာစီလိုနာအသင်းသည် ချယ်လ်ဆီးအသင်းထက်ပို၍ ဆွဲဆောင်မှုရှိကြောင်း လက်ဗ်စကီဆိုဖီယာအသင်း မန်နေဂျာ၏ မှတ်ချက်ကို ကာကွယ်မပြောဆိုနိုင်ပါကြောင်း ဂျို့စ်မော်ရင်ဟိုက ပြောကြားသည်။

**ဝန်ခံ**

အပြာရောင်ချယ်လ်ဆီး ကစားသမားများသည် နိုင်ပွဲများရရှိအောင် ကစားနိုင်သော်လည်း လိမ်လည့်ကစားနိုင်သည့် ကစားသမားနည်းပါးကြောင်း ဆိုဖီယာ မန်နေဂျာ စတွိုင်းလော့ဗ်၏ ပြောဆိုချက်ကို ဝန်ခံကြောင်း မော်ရင်ဟိုက ပြောကြားသည်။

သို့သော်လည်း မိမိတို့အသင်းအား အနိုင်ရနေသော အသင်းဟု ပြောခဲ့သည့်အတွက် ကျေနပ်မိကြောင်း မော်ရင်ဟိုက ပြောကြားခဲ့သည်။

**ယှဉ်ပြိုင်ခဲ့**

ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်အုပ်စု(က) ပြိုင်ပွဲအဖြစ် စက်တင်ဘာ ၂၇ရက်က လက်ဗ်စကီဆိုဖီယာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။ (ဓာတ်ပုံ-အင်တာနက်)

ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်(၁) နူးကမ့်၌ ဘူလ်ဂေးရီးယားကလပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံလိဂ် ပြိုင်ပွဲအသင်းများသည် အိမ်ကွင်းထက် အဝေးကွင်းများ ယှဉ်ပြိုင်ကစားရာတွင် အခက်အခဲများနှင့်ပို၍ ရင်ဆိုင်လာရကြောင်း ချယ်လ်ဆီးနည်းပြက ဆိုသည်။ **(အင်တာနက်)**

# ကမ္ဘာတစ်လွှား အားကစား

# ချန်ပီယံလိဂ်ပွဲစဉ်(၂)ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင် ချယ်လ်ဆီး၊ လီဗာပူးနှင့်ဘိုင်ယန်မြူးနစ်တို့ နိုင်ပွဲရ

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ဆိုဖီယာ စက်တင်ဘာ ၂၈

**ချန်ပီယံလိဂ်ပွဲစဉ်(၂)ကို စက်တင်ဘာ ၂၇ရက်က ဆက်လက်ကစားရာ ချယ်လ်ဆီးနှင့်လီဗာပူးတို့ နိုင်ပွဲများ ရရှိခဲ့သော်လည်း ဘာစီလိုနာတို့ ဝါဒါဘရီမင်နှင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရသည်။**

**ဆိုဖီယာနှင့်ချယ်လ်ဆီး**

ရက်ဗ်ချင်ကိုနှင့် ဒရော့ဘာတိုက်စစ်တွဲကို ဆိုဖီယာတို့ မထိန်းနိုင်ခဲ့သဖြင့် ဂိုးများပေးခဲ့ရခြင်းဖြစ်သည်။ချယ်လ်ဆီးတို့က ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ဆိုဖီယာဘက်သို့ ထိုးဖောက်ကစားရာ ဂိုးသွင်းခွင့် ၁၇ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သည်။

ချယ်လ်ဆီးအတွက် ဂိုးများကို ၃၉မိနစ်၊ ၅၂မိနစ်နှင့် ၆၈မိနစ်တို့တွင် ဒရော့ဘာတစ်ဦးတည်း သုံးဂိုးသွင်းယူပေးခဲ့သည်။ ဆိုဖီယာအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန်၇၁မိနစ်တွင် ဆိုဖီယာကွင်းလယ်မှ ဘာဒွန်အစား ဝင်ရောက်ကစားသည့် အိုယာနော့က ပွဲချိန် ၈၉မိနစ်တွင် သွင်းယူပေးခဲ့၍သာ သုံးဂိုး-တစ်ဂိုးဖြင့် ဆိုဖီယာတို့ ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ ယခုပွဲအနိုင်ရရှိသဖြင့် ချယ်လ်ဆီးတို့ အုပ်စု(က)တွင် နှစ်ပွဲနိုင် ခြောက်မှတ်ရနေသည်။

**ချယ်လ်ဆီးအတွက် ဟက်ထရစ်သွင်းနိုင်ခဲ့သူ ဒရော့ဘာ။**

**ဘိုင်ယန်မြူးနစ်မှ ပိုဒေါစကီး** (ယာ) **အင်တာမီလန်ဘက်သို့ ထိုးဖောက် ကစားစဉ်။**

**ဝါဒါဘရီမင်နှင့် ဘာစီလိုနာ**

ဘာစီလိုနာတို့ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားနိုင်ခဲ့သော်လည်း ဝါဒါဘရီမင်တို့ထက် ဂိုးသွင်းခွင့်အခွင့်အရေး မရခဲ့ချေ။ ကလိုဆေးနှင့် ဟန့်တိုက်စစ်အတွဲက ဘာစီလိုနာ နောက်တန်းကို ၁၄ကြိမ် ဖြတ်ကျော်ပြီး ဂိုးသွင်းရန် ကြိုးစားခဲ့ရာ ပွဲချိန်၅၆ မိနစ်၌ ဘာစီလိုနာနောက်ခံလူ ကာလက်ခ်ပူယောက ဘောလုံးဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ်သွင်းမိသလို ဖြစ်သွားသဖြင့် ဝါဒါဘရီမင်တို့ လက်ဆောင်ဂိုးရရှိခဲ့သည်။

ဘာစီလိုနာတို့ ချေပဂိုးရရှိရေး ကြိုးစားရာ ပွဲချိန် ၈၉ မိနစ်မှသာ မက်ဆီက ဂိုးသွင်းယူနိုင်ခဲ့၍သာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ ဘာစီလိုနာသည် အုပ်စု(က)၌ တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် လေးမှတ်ရနေသည်။

**လီဗာပူးနှင့် ဂါလာတာစာရေး**

လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ၄-၄-၂ ပုံစံဖြင့် ကစားခဲ့ပြီး ပီတာခရော့ချ်နှင့် ဒက်ကွတ်တို့ တိုက်စစ်အတွဲကို ပွဲထုတ်ခဲ့သည်။ လီဗာပူးတို့က ပိုမိုထိုးဖောက်ကစားနိုင်ခဲ့ရာ အဖွင့်ဂိုးကို ပွဲချိန် ၉မိနစ်၌ ပီတာခရော့ချ်က သွင်းယူပြီး ၁၄မိနစ်တွင် ဂါစီယာနှင့် ၅၂မိနစ်တွင် ပီတာခရော့ချ်ကပင် တစ်ဂိုးထပ်မံ သွင်းယူပေးခဲ့သည်။

လီဗာပူးတို့ သုံးဂိုးသွင်းယူပြီးမှသာ ဂါလာတာစာရေးက ပွဲချိန် ၅၉ မိနစ်နှင့် ၆၅မိနစ်တွင် တိုက်စစ်မှူး ကာရင်က နှစ်ဂိုးဆက်တိုက်သွင်းယူပေးခဲ့သဖြင့် ချေပဂိုးနှစ်ဂိုးရရှိခဲ့သည်။ လီဗာပူး ယခုပွဲအနိုင်ရရှိသဖြင့် အုပ်စု(ဂ)တွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် လေးမှတ်ရရှိကာ အုပ်စုကိုဦးဆောင်နေသည်။

**အင်တာမီလန်နှင့်ဘိုင်ယန်မြူးနစ်**

ဘိုင်ယန်မြူးနစ်ကို အင်တာမီလန်တို့ အကြိတ်အနယ်ကြိုးစားသော်လည်း ဂိုးမသွင်းနိုင်ခဲ့ချေ။ အင်တာမီလန် တိုက်စစ်မှူးများဖြစ်သည့် ခရက်စပိုနှင့် အီဘရာဟင်မိုဗစ်တို့လည်း ဘိုင်ယန်မြူးနစ်နောက်တန်းကို ကျော်ဖြတ်နိုင်မှုအခွင့်အရေး သိပ်မရဘဲဖြစ်ခဲ့ရသည်။ ဘိုင်ယန်မြူးနစ်အတွက် ဂိုးများကို ၈၁ မိနစ်၌ ပီဇာရိုက တစ်ဂိုးနှင့် မိနစ် ၉၀၌ ပိုဒေါစကီးက တစ်ဂိုး သွင်းယူပေးခဲ့သဖြင့် နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်သည် နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စု(ခ)၌ ခြောက်မှတ်ရထားသည်။

**အခြားပွဲရလဒ်များ**

| | | |
|---|---|---|
| ဗလင်စီယာ | ၂-၁ | ရိုးမား |
| စပါးတက်မော်စကို | ၁-၁ | စပို့တင်းလစ္စဘွန်း |
| ရှက်တာဒိုးနက် | ၂-၂ | အိုလံပီယာကော့စ် |
| ဘော်ဒိုး | ၀-၁ | ပီအက်စ်ဗွီ။ |

(အင်တာနက်)



**ဘာစီလိုနာမှ မက်ဆီ ဝါဒါဘရီမင်ဘက်သို့ ထိုးဖောက်ကစားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ အထူးရိုက်ကူးစီစဉ်တင်ဆက်သည်

**ဒါရိုက်တာ အကယ်ဒမီများရှင် စင်ရော်မောင်မောင်**၏ ထူးခြားသည်ဆိုသော ဇာတ်ကားများထက် ပို၍ဆန်းသစ်သော အနုပညာ အတွေးအခေါ် ဇာတ်လမ်း၊ ရိုက်ညွှန်းရိုက်ချက်တို့နှင့် ခေတ်အမီဆုံး စီစဉ်ရိုက်ကူးတင်ဆက်လိုက်သည်။ ရုပ်ရှင် ဗီဒီယို အနုပညာချစ်သောပရိသတ်များ ယခုကဲ့သို့ ဘယ်သောအခါမှ ရှုမြင်ခံစားဖို့ရာ မရနိုင်သည့် တန်ဖိုးအရှိဆုံး ဇာတ်ကားကောင်းတစ်ကားကို **ရွှေမြန်မာ** ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးက မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိပေးလိုက်သည်။

**၂-၁၀-၂၀၀၆ရက် (တနင်္လာနေ့) မဟာရန်ကုန် ဖြန့်ချိပါမည်။**





**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဖခင်ကြီး ဦးအုန်းမောင်-မိခင်ကြီး ဒေါ်တင်ညိုနှင့် အစ်ကိုဖြစ်သူ ကိုစိုးလှိုင်၊ ကိုခင်မောင်ချိုတို့အား ရည်စူး၍ ကိုအောင်ဝင်း-မယဉ်ယဉ်အုန်း မိသားစုတို့က စုစုပေါင်းအလှူငွေကျပ် ၁၂၀၀၀၀၀ကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။**

(က-ပ)

### ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ 4 Ticket နံပါတ် BST 22552/03 သဘော်လိုက်ခွင့်ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

**စိုးမိုးအောင် ဖုန်း-၅၂၇၅၆၁။**

## ရွှေပြည်ဟိန်း ဆရာတော် တရားဟောကြားမည်

**ရန်ကုန် စက်တင်ဘာ ၂၈**

ပိဋကတစ်ပုံခွဲဆောင် မဟာဓမ္မကထိက ဗဟုဇနဟိတရေ သီတဂူကြာတစ်ပွင့် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီ လက်ာရသည် စက်တင်ဘာ ၂၉ ရက်(သီတင်းကျွတ်လဆန်းစရက်) နံနက်၉နာရီတွင် ရန်ကင်း ပြည်သာယာဓမ္မာရုံ၌ လည်းကောင်း၊ မွန်းလွဲ ၁နာရီတွင် တောင်ဥက္ကလာပ (၉)ရပ်ကွက် လူထုဓမ္မာရုံ၌လည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲတွင် သဃ်န်းကျွန်း ကျိုက္ကစံစေတီတော် ဓမ္မာရုံ၌ လည်းကောင်း၊ ည၇နာရီတွင် စမ်းချောင်း မြသိန်းတန် အောင်ဓမ္မာရုံ၌လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

## အာဆီယံတည်ထောင်ခြင်း အနှစ်(၄၀)ပြည့် အထိမ်းအမှတ်တံဆိပ် (Logo) ပြိုင်ပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အာဆီယံအဖွဲ့ကြီးသည် ၂၀၀၇ခုနှစ် ဩဂုတ် ၈ရက်တွင် အာဆီယံတည်ထောင်ခြင်း အနှစ်(၄၀) ပြည့်မြောက်ပြီဖြစ်သဖြင့် အထိမ်းအမှတ် အခမ်းအနားများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌လည်းကောင်း၊ ဆွေးနွေးဖက် ဆက်ဆံရေးရှိသည့် နိုင်ငံများ၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန်ရှိသည်။

**ယှဉ်ပြိုင်ရွေးချယ်**

ထိုအခမ်းအနားများတွင် အသုံးပြုရန်အတွက် အထိမ်းအမှတ်တံဆိပ် (Logo) တစ်ခုကို အဖွဲ့ဝင်နိုင်ငံများ အတွင်း ပြိုင်ပွဲများကျင်းပ၍ ဦးစွာရွေးချယ်ပြီး အာဆီယံ(၁၀)နိုင်ငံအတွင်း ထပ်မံယှဉ်ပြိုင်ရွေးချယ်ရန်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်း အမျိုးသားအဆင့်ပြိုင်ပွဲ (National Level Contest)အတွက် စိတ်ပါဝင်စားသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

**သက်ဝင်စွာသရုပ်ဖော်**

အနှစ်(၄၀)ပြည့် အာဆီယံနေ့ အထိမ်းအမှတ် အခမ်းအနားများ၏ ဦးတည်ချက် (Theme) ဖြစ်သော လှုပ်ရှားတက်ကြွသော အာရှ၏ ဗဟိုချက်မတစ်ခုတည်းသော အာဆီယံ (One ASEAN: at the Heart of Dynamic Asia) ကို အနုပညာ သဘောသက်ဝင်စွာ သရုပ်ဖော်နိုင်ရမည်ဖြစ်သည်။ တစ်ခုတည်းသော အာဆီယံဆိုသည်မှာ အဖွဲ့ဝင် (၁၀)နိုင်ငံအနေဖြင့် တစုတစည်းညီညွတ်စွာ ရပ်တည်နေထိုင်သော သဘောကို ဆိုလိုရင်းဖြစ်ပြီး အနာဂတ်အတွက် လှုပ်ရှားတက်ကြွသော အင်အားအလားအလာရှိသည့် အာရှဒေသ၌ အာဆီယံသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်ဟု ဆိုလိုရင်းဖြစ်သည်။

Logo တွင် အာဆီယံအမှတ်တံဆိပ်ကို ထည့်သွင်းအသုံးပြုမည်ဆိုပါက အရောင်နှင့် ပုံသဏ္ဌာန်ပျက်ယွင်းခြင်းမရှိစေရဘဲ အာဆီယံအမှတ်တံဆိပ်၏ မူရင်းအရောင်များကို http:// WWW. asean sec.org/ 7095.htm တွင် ရရှိနိုင်သည်။

**အာမခံရမည်**

ပါဝင်ယှဉ်ပြိုင်သူ သို့မဟုတ် အုပ်စုအဖွဲ့အနေဖြင့် မိမိတို့ကိုယ်ပိုင်စိတ်ကူးဖြင့် ကိုယ်တိုင်ရေးဆွဲ ဖန်တီးခြင်းဖြစ်ကြောင်းကို အာမခံရမည်ဖြစ်ပြီး အဓိပ္ပာယ်ရှင်းလင်းချက်ကိုလည်း ပူးတွဲတင်ပြရမည်ဖြစ်သည်။

Logo ကို ရောင်စုံဖြင့် တစ်ပုံ (The full colour version)၊ အဖြူအမည်းတစ်ပုံ(The black and white version) နှစ်ပုံပူးတွဲပေးပို့ရမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်သူတစ်ဦး သို့မဟုတ် အများ၏အမည်နှင့် မှတ်ပုံတင်အမှတ်၊ လိပ်စင်ဓာတ်ပုံတစ်ပုံတို့ကို ပူးတွဲလျက် အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်သို့ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၃၁ရက် (အင်္ဂါနေ့) ညနေ၄နာရီခွဲ နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။

လက်ခံရရှိသော Logo များအနက်မှ အသင့်လျော်ဆုံးတစ်ခုကို အကဲဖြတ်အဖွဲ့က ရွေးချယ်၍ နိုဝင်ဘာ ၃၀ရက်တွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး ဆုငွေအဖြစ် ဉာဏ်ပူဇော်ခ ပထမဆုအတွက် FEC ၅၀၀နှင့် နှစ်သိမ့်ဆုငါးဆုအတွက် FEC ၁၀၀စီတို့ကို ချီးမြှင့်သွားမည်ဖြစ်သည်။

**ချီးမြှင့်မည်**

မြန်မာနိုင်ငံ အပါအဝင် ကျန်အာဆီယံနိုင်ငံများမှ ဝင်ရောက်ယှဉ်ပြိုင်သော Logo များကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရပါက Logo ဒီဇိုင်းရေးဆွဲသူအား အမေရိကန်ဒေါ်လာ၅၀၀၀ကို ချီးမြှင့်မည်ဖြစ်သည်။

အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ဆက်လက်ပေးပို့သော Logo ဒီဇိုင်းမူပိုင်ခွင့်ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ရရှိမည်ဖြစ်သည်။ **(သတင်းစဉ်)**

## လဲဘူးကျေးရွာ သက်ကြီးပူဇော်မည်

**ရန်ကုန် စက်တင်ဘာ ၂၈**

မကွေးတိုင်း နတ်မောက်မြို့နယ် လဲဘူးကျေးရွာ ပုညကာရီအသင်းသူအသင်းသားများက သံဃာတော်များ၊ အသက်(၈၀)အထက် သက်ကြီးရွယ်အိုများနှင့် ဂိလာနပုဂ္ဂိုလ်များအား ဆဋ္ဌမအကြိမ်မြောက် ပူဇော်စောင့်ရှောက်လှူဒါန်းပွဲကို အောက်တိုဘာ၂၀ ရက် နံနက်ပိုင်းတွင် လဲဘူးကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားကျင်းပသည့် အောက်တိုဘာ၂၀ရက်ညတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် သာယာကုန်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တတေဇဝန္တ ဂန္ထဝါစက ပဏ္ဍိတ သာသနာပြုနယ်လှည့် ဓမ္မကထိက ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

**အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် အမှတ် ဃ/၅၆၇ ဝေပုလ္လ ၇လမ်း မြောက်ဥက္ကလာပမြို့နယ်နေ အလှူရှင် ဦးဟန်ရှိန်-ဒေါ်ညွန့်ခင် (သား) မောင်ကျော်စွာဟိန်း၊ မောင်အောင်မင်းဟိန်း၊ (သမီး) မသန္တာစိုးမိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ သီရိသုဓမ္မမဏိဇောတရေ ဗန္ဓုလ ဦးမောင်ရွှေက လက်ခံယူစဉ်။**

(က-ပ)

## လယ်တီဝိပဿနာခုနစ်ရက်တရားစခန်း ရာပြည့်ဩဝါဒခံယူပွဲ

**ရန်ကုန် စက်တင်ဘာ ၂၈**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကရေ၊ဒွိပိဋကကောဝိဒ၊အဂ္ဂမဟာပဏ္ဍိတ လယ်တီ ဘဒ္ဒန္တ ဇာဂရာဘိဝံသ၏ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ပြည်လမ်း အမှတ် ၃၃၇/က လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ အောက်တိုဘာ၆ရက်တွင် လယ်တီဝိပဿနာ ခုနစ်ရက်စခန်း အထိမ်းအမှတ် ရာပြည့်ဩဝါဒခံယူပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက်၉နာရီတွင်ကျင်းပမည်ဖြစ်သည်။လစဉ်(လပြည့်) တရားစခန်းကို ညနေပိုင်း၌ဆက်လက်ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၁-၅၃၄၃၂၉ သို့ ဆက်သွယ်၍ ကမ္မဋ္ဌာနာစရိယများ၊ ယောဂီဟောင်း/သစ်များ၊ အလှူရှင်များ၊ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**စက်တင်ဘာ ၂၃ရက်က အထက(၃)တာမွေ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရှင် မစိုးစန္ဒီအား ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်က ဆုချီးမြှင့်စဉ်။**

(က-ပ)

## မင်းဘူးစည်ပင် သန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၈**

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဩဂုတ်၂၈ရက်က မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များရှင်းလင်းခြင်းနှင့် ရေမြောင်းများမှနုန်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမြင့်လွင်က ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

**(မြို့နယ် စည်ပင်)**

## မိတ္ထီလာကန်ပတ်လမ်း၌ စုပေါင်းသန့်ရှင်း ချုံနွယ်များခုတ်ထွင်ရှင်းလင်း၊ လမ်းများမြေဖို့

**မိတ္ထီလာ စက်တင်ဘာ ၁၀**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဩဂုတ် ၂၆ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ မိတ္ထီလာကန်ပတ်လမ်းတစ်လျှောက် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းများမြေဖို့ပြုပြင်ခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး အားပေးခဲ့ကြသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

**စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေတို့ စက်တင်ဘာ ၉ရက်က အရာတော်မြို့ မြို့ရေပေးရေး နေရောင်စွမ်းအင်သုံး ရေစက်ရုံကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**
(မြို့နယ်စည်ပင်)

## တာချီလိတ်မြို့တွင် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကျင်းပ

တာချီလိတ် စက်တင်ဘာ ၉

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်း(၁/၂၀၀၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက် ညနေ ၄ နာရီက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်ပျူတာစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းအေးနှင့် အမှုဆောင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်အေးကြည်နှင့် အမှုဆောင်များ၊ သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

### ပေးအပ်ချီးမြှင့်

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်တင်အေးကြည်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူ ၁၇ ဦးအား ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းအေးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်အေးကြည်က သင်တန်းတွင် ထူးချွန်ဆုရသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

## မုဒုံ အမကကျောင်းများမှ အငြိမ်းစားဆရာ ဆရာမကြီးများ ပူဇော်ပွဲကျင်းပရေး ဆက်သွယ်လှူဒါန်းနိုင်

**မုဒုံ စက်တင်ဘာ ၂၆**

မွန်ပြည်နယ် မုဒုံမြို့နယ် စတုတ္ထအကြိမ်မြောက် မြို့နယ်ပညာရေးမှူးရုံးနှင့် အခြေခံပညာ မူလတန်းကျောင်းအုပ်စု(၁၀)စုတို့မှ အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအား ကမ္ဘာ့ဆရာများနေ့ အကြိုပူဇော်ပွဲကို အောက်တိုဘာ ၄ရက်တွင် မုဒုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

### လှူဒါန်းနိုင်

အပူဇော်ခံ ဆရာကြီး ဆရာမကြီး ၁၁၂ဦးတို့အား ရပ်ဝေးရပ်နီးမှ တပည့်ဟောင်းများနှင့် လှူဒါန်းလိုသူများသည် လူကိုယ်တိုင်ဖြစ်စေ၊မုဒုံမြို့နယ်ပညာရေးမှူးရုံး ဖုန်း-၀၅၇-၇၀၀၄၅ သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားသည်။ (က-ပ)

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ် (သီတင်းကျွတ်လဆန်း ၉ ရက်)**
**၃၀-၉-၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

**နေ့လယ်ပိုင်း**

၀၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) နှစ်ယောက်တစ်မျက်နှာ (ဒေါ်လာ-ပိုးအိစံ)
(၂) မင်းအတွက် အသက်ရှင်တယ် (ဂရေဟန်-ခွန်းဆင့်နေခြည်)
(၃) ချစ်လား (အာဇာနည်-ဆုန်သင်းပါရ်)
၀၉:၄၅ အာဆီယံ အစီအစဉ်
၁၀:၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင် အဆင့် (အမျိုးသား) အဆိုပြိုင်ပွဲဝင်များ လေ့လာ ရန်(ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ)**
**(၁) ချစ်ရတုထံတျာ(ကိုလေးမြင့်)**
**(၂) အောင်နိမိတ် (ဒေါ်ကြည်အောင်)**
**(၃) တပေါင်းသာခေါင် (ကိုတင်အောင်သန်း)**
၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဇီဝစွမ်းအင်မှ လျှပ်စစ်ဓာတ်ထုတ်လုပ်ခြင်းအကြောင်း) (ဒုတိယပိုင်း)
၁၁:၃၅ အဘိုးအဘွားအလေးထား (ဒီအရွယ်ကျွန်မကျွန်မတို့အရွယ်)
၁၂:၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၁၂:၁၀ နေ့စဉ်သုံးအိဒီယမ် (ဦးသိန်းလွင်)
၁၃:၁၀ ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်) (ပညာရေးအကောင်အထည်ဖော်မှုဆိုင်ရာ လမ်းညွှန်ချက်များ)

**ညနေပိုင်း**

၁၆:၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) လမင်းရယ်ဆက်သာစေချင် (ဟသ်ာတအောင်တင်ဝင်း)
(၂) ဝိုင်းဝိုင်းလယ် (သန်းသန်းဆင့်)
(၃) ချစ်မယ်ဆိုပန်းပန်ပါ (ကိုတင်ကိုး)
၁၇:၀၀ ခေတ်ဟောင်းတေး
(၁) ချစ်ရေစင် (မေရှင်)
(၂) ကာမဂုဏ် (ဥသြဘသောင်)
(၃) မိုးနတ်မယ် (မောင်ပွကြီး-မအေးစိန်)
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာစေရာ နည်း ၁၀ ဖြာ) (တင်မောင်ညွှန့်)
၁၈:၄၅ သိမှတ်စရာ ကွန်ပျူတာ ( Dual Core-CPU အကြောင်း)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (The Sun တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အိခိုင်စံ၏ခေတ်နဲ့အချစ်တေးစီးရီး)
၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) လွမ်းအိပ်မက်က သံသရာရှည် (မောင်မောင်ကြီး)
(၂) အရိပ်အရောင်ပြတဲ့ဖိုးလနတ်သား (မာပျို)
(၃) ချစ်ရသည်က အသက်ထက်ဆုံး (ကိုသန်းလှိုင်)

## မင်းတပ်ခရိုင်ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်ပို့ချ

**မင်းတပ် စက်တင်ဘာ ၁၅**

မင်းတပ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၉ရက် နံနက် ၁၀နာရီက မင်းတပ်ခရိုင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

သင်တန်းဖွင့်ပွဲအပြီးတွင် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးသည် ခရိုင်ရုံးဝန်ထမ်းများ ဆောင်ရွက်ထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံမှတ်တမ်း ခင်းကျင်းပြသထားမှု၊ စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

### ပို့ချ

ထို့နောက် ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူးနှင့်အတူ ခရိုင်ဦးစီးအရာရှိဦးလှမြင့်၊ ကန်ပက်လက်မြို့နယ်ဦးစီးမှူး ဦးလိန်းကီးတို့သည် သတ်မှတ်ထားသော ဘာသာရပ်များကို ပို့ချကြသည်။**(ခရိုင်ပြန်/ဆက်)**

**ပဲခူးတိုင်း ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ဇေယျဝတီ ဈေးအတွင်း သားငါးတန်းများတွင် ကျန်းမာရေးနှင့်ညီညွတ်သော ယင်လုံဆန်ခါနှင့်ရောင်းချစေရန် ဩဂုတ် ၂၅ရက်က ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်နှင့် ဈေးတာဝန်ခံတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**
(မြို့နယ်စည်ပင်)

## ပန့်များကြံ့ခိုင်ရေး

**ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာကျေးလက်ရေပေးရေး ရေစက်အင်ဂျင်နှင့်ပန့်များကြံ့ခိုင်ရေး ဆောင်ရွက်မှုကို စက်တင်ဘာ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးဖြူညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမင်းတို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## မြစ်ကြီးနားမြို့၌ လမ်းပေါက်များဖာထေး

**မြစ်ကြီးနား စက်တင်ဘာ ၅**

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဘဏ္ဍာရေးနှစ်အလိုက် မြို့ပြ ကျေးလက်လမ်းတံတား ရေပေးရေး၊ မြို့ပြစိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်းတို့ကို စီမံချက်ချ၍ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအောင်ကို ကြီးကြပ်သော ဝန်ထမ်းများအရှည်ပေ ၅၂၄၀ ရှိသော သခင်နက်ဖေလမ်းပေါ်တွင် ပြည်သူများ သွားလာရေးကောင်းမွန်စေရန် လမ်းပေါက်များကို အဖွဲ့ပိုင်လမ်းပေါက်ဖာစက်ဖြင့် ဖာထေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် အင်ဂျင်နီယာမှူးတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြသည်။
**(မြို့နယ်စည်ပင်)**

**ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဟွေခါး - ဝမ်ပေါင်လမ်းကတ္တရာခင်းခြင်း လုပ်ငန်းကို ဩဂုတ် ၃၀ ရက်က ညွှန်ကြားရေးမှူး ဦးတင်လှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးခင်ကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစံလင်း တို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# ဟံသာဝတီမြို့နယ် ရှင်သာလျောင်းဘုရားကြီး ဆီမီးပူဇော်ပွဲနှင့် ဆွမ်းဆန်လောင်းလှူပွဲကျင်းပမည်

**ဟံသာဝတီ စက်တင်ဘာ ၂၆**

ဟံသာဝတီမြို့နယ် နတ်မော်ရွာတွင် (၁၂)ကြိမ်မြောက် ၁၆၈တောင်တစ်မိုက်ရှိ တိလောကဥသျှောင် ရှင်သာလျောင်းဘုရားကြီး ဆီမီး ၈၄၀၀၀ ပူဇော်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကို အောက်တိုဘာ ၅ရက်မှ ၇ ရက်အထိ တစ်ညလျှင် ဆီမီး ၂၈၀၀၀ ပူဇော်ကြပြီး (၆၁) ကြိမ်မြောက် သံဃာတော် ၃၁၇ ပါးတို့အား ဆွမ်းဆန်တော် လောင်းလှူကြမည် ဖြစ်သည်။

**လှူဒါန်းနိုင်**

(၁၂)ကြိမ်မြောက် ဆီမီး ၈၄၀၀၀ ပူဇော်ပွဲနှင့် (၆၁)ကြိမ်မြောက် သံဃာတော် ၃၁၇ ပါးအား ဆွမ်းဆန်တော် လောင်းလှူပူဇော်ပွဲသို့ လှူဒါန်းလိုသော အလှူရှင်များသည် ဟံသာဝတီမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း-၀၄၄ ၂၀၇၆၊ မြို့နယ်ရုံး ဖုန်း-၀၄၄ ၂၁၃၃၁၊ နတ်မော်ရွာ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၄၄ ၂၂၃၀၂၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်ရွှေ ဖုန်း-၀၄၄ ၂၂၁၀၆၊ ဦးကြည်ဝင်း(မန်နေဂျာ) တက္ကသိုလ်များပုံနှိပ်တိုက် ရန်ကုန်မြို့ ဖုန်း-၀၁ ၇၂၈၇၄၁ နှင့် ဦးငွေသန်း (ငွေစန္ဒာရောင်စုံဓာတ်ပုံတိုက်)ဇလွန်မြို့ ဖုန်း-၀၄၄ ၂၂၂၃၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဆက်ကပ်လှူဒါန်း**

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် မိခင်ကြီး ဒေါ်ခင်ပု (မကွေး) ကိုးနှစ်ပြည့်အားရည်စူး၍ အမှတ် ၃၅ (ဘီ-၂) ခတ္တာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေ ဦးမောင်မောင်-ဒေါ်ဌေးဌေး မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

**ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုတော်မူကြသော သံဃာတော်အပါး ၂၆၀၀ ကျော်နှင့် ကုလဝိသေသီ စာသင်တိုက်ရှိ သီလရှင်အပါး ၈၀ ကျော်တို့အား စက်တင်ဘာ ၁၆ ရက်က ဧရာဝတီတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးမှူး ဦးဉာဏ်မြင့်-ဒေါ်တင်တင်နွဲ့ အမှူးပြုသောဌာနဆိုင်ရာဝန်ထမ်း မိသားစုက မြို့မဆွမ်းလောင်း အသင်းတည်ရှိရာ ရွှေမုဋ္ဌောဘုရား အရှေ့ဘက် ဒေါ်လှယဉ် ဓမ္မာရုံတွင် အရုဏ်ဆွမ်းများ လောင်းလှူကြစဉ်။** (က-ပ)

# ဖျာပုံမြို့ အမှတ်(၃)ရပ်ကွက် ကားဂိတ်ဝင်းအတွင်း အမှိုက်များဆယ်ယူ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်း

**ဖျာပုံ စက်တင်ဘာ ၂၀**

ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်သန်းဌေး (အငြိမ်းစား) ဦးဆောင်မှုဖြင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် စက်တင်ဘာ ၁၇ရက် နံနက် ၇နာရီခွဲက ဖျာပုံမြို့ အမှတ်(၃)ရပ်ကွက် အဝေးပြေး ကားဂိတ်ဝင်းအတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများရှိ အမှိုက်များဆယ်ယူခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်းလုပ်ငန်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

**ဖြည့်ဆည်း**

လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးသက်ပိုင် (အငြိမ်းစား) တို့က ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ **(အောက်ပုံ)**

**ရှင်းလင်း**

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိလာသည့် အမှိုက်သရိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မော်တော်ယာဉ်များဖြင့် သတ်မှတ်နေရာအရောက် သယ်ယူရှင်းလင်းပေးကြသည်။ **(၁၅၈)**

# ပဲခူး ကြခတ်ဝိုင်း၌ ပူဇော်ပွဲကျင်းပမည်

**ပဲခူး စက်တင်ဘာ ၁၅**

ပဲခူးမြို့ ကြခတ်ဝိုင်း ဝံသာဓိပတိ အဂ္ဂမဟာဝိနယကဦးဆောင်၍ သုံးဌာနသာသနာတော်ပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့တွင်လည်းကောင်း၊ (၁၄၂) ကြိမ်မြောက် ငါးမြို့နယ် ပဝါရဏာပွဲကို သီတင်းကျွတ်လပြည့်ကျော် ၉ ရက်တွင်လည်းကောင်း၊ (၅၇) ကြိမ်မြောက် ဘုံကထိန်ပွဲကို တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်တွင်လည်းကောင်း ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်တွင် ညစဉ်ဓမ္မသဘင်ပွဲများဖြင့် ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

# ပျဉ်းမနားမြို့ ပရိယတ္တိသာသနာ့ နုဂ္ဂဟာအဖွဲ့ နှစ်ပတ်လည်စည်းဝေး၊ စာချသံဃာများပူဇော်

**ပျဉ်းမနား စက်တင်ဘာ ၂၂**

ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ ပရိယတ္တိသာသနာ့ နုဂ္ဂဟာအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးနှင့် စာချသံဃာတော်များ ပူဇော်ပွဲကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ ကျောင်းတိုက်ကြီး၌ကျင်းပရာ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကဝိသာရနှင့် နာယကဆရာတော်များ ကြွရောက်တော်မူကြသည်။

**လျှောက်ထား**

အခမ်းအနားတွင် နာယက ဆရာတော်ကြီးထံမှ သီလသြဝါဒခံယူကြပြီး အဖွဲ့နာယက ဦးလှမြင့်က သာသနာရေးကိစ္စများကို လျှောက်ထား၍ နှစ်ပတ်လည်အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ထာဝရငွေပဒေသာပင် ရသုံးငွေစာရင်း၊ ဝါဆိုသင်္ကန်း ရသုံးငွေစာရင်းများကို တင်ပြကြသည်။

**ဂုဏ်ပြုလွှာ**

ဆက်လက်၍ ကျောင်းတိုက်ကြီး၏ စာချသံဃာတော်များအား အလှူငွေဆက်ကပ်လှူဒါန်းပြီး ဝါဆိုသင်္ကန်း အကျိုးတော်ဆောင်များနှင့် ကျပ်တစ်သောင်းအထက် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ **(၁၀၁)**

**ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ကမ်းနားလမ်း ပလက်ဖောင်းကပ်တုံးဘေး မြေယာရှုခင်းအလှ ပြုပြင်ခြင်းကို ဩဂုတ် ၂၃ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးသူရလွင်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)


**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)**

**ရန်ကုန်အဝေးသင်တက္ကသိုလ်**

**e- Education Learning Centre**

**သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်**

**(တနင်္လာမှ သောကြာ)မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ**

**(စနေ၊ တနင်္ဂနွေ)နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ**

**၂-၁၀-၂၀၀၆ (တနင်္လာနေ့)**

❑ မြန်မာစာ၊ မြန်မာစကား
- မြန်မာစာ မဟာဝိဇ္ဇာ၊ ဘာသာစကားအထူးပြု ကျောင်းသား၊ ကျောင်းသူများ

❑ Pyu Civilization
- သမိုင်းအထူးပြု ဘွဲ့ကြို ကျောင်းသား၊ ကျောင်းသူများ

**၃-၁၀-၂၀၀၆ (အင်္ဂါနေ့)**

❑ Geographic Discipline Environmental Studies
- Undergraduate & Postgraduate Students pursuing Environmental Studies

❑ The Scope of Philosophy
- ဘွဲ့ကြို ဒဿနိကဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

**၄-၁၀-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

❑ Mental Disorders
- တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

❑ Educational Anthropology
- ဘီအီးဒီ ဒုတိယနှစ် ပညာရေးစာပေးစာယူကျောင်းသား၊ ကျောင်းသူများ

**၅-၁၀-၂၀၀၆ (ကြာသပတေးနေ့)**

❑ Introduction to Biotechnology
- Biotechnology ဘာသာရပ်လေ့လာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားသူများ
- Varieties and Medicinal Value of Aloes
- ကျောင်းသား၊ ကျောင်းသူများ၊ လုပ်သားပြည်သူများ

**၇-၁၀-၂၀၀၆ (စနေနေ့)**

❑ Theory of Probability
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား

❑ Probability Distributions
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ

❑ Developing a Business Plan
- ပထမနှစ် အိမ်တွင်းစီးပွား အထူးပြု

❑ Sampling Distribution
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ

❑ The Gross Domestic Product
- ပထမနှစ် အိမ်တွင်းစီးပွား၊ ဥပဒေပညာအထူးပြု

❑ Advantages & Disadvantages of operating a Business
- ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု

❑ Demand & Supply
- ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု

❑ The Economic Aspects of Population
- ပထမနှစ် အိမ်တွင်းစီးပွား၊ ဥပဒေပညာအထူးပြု

❑ Money and Banking
- ပထမနှစ် အိမ်တွင်းစီးပွား

❑ Public Finance
- ပထမနှစ် အိမ်တွင်းစီးပွား၊ ဥပဒေပညာအထူးပြု

**၈-၁၀-၂၀၀၆ (တနင်္ဂနွေနေ့)**

❑ Simple Random Sampling
- တတိယနှစ် စီးပွားရေးပညာအထူးပြု

❑ The Nature and Scope of International Economics
- တတိယနှစ် စီးပွားရေးပညာအထူးပြု

❑ The Meaning and Measurement of Economic Development
- တတိယနှစ် စီးပွားရေးပညာအထူးပြု

❑ Analysis of Financial Statements
- တတိယနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု

❑ Marketing (Approaches to the Study of Marketing)
- တတိယနှစ် စီးပွားရေးပညာအထူးပြု

❑ Financial Accounting Limited Company Issue of Shares and Debentures
- ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု

❑ Imperfect Competition Market
- ဒုတိယနှစ် စီးပွားရေးအထူးပြု

❑ Statistical Theory Moments and Generating Functions
- ဒုတိယနှစ် စီးပွားရေးအထူးပြု

❑ Measures of Dispersion
- ဒုတိယနှစ် ပြည်သူ့ရေးရာ

❑ Cost Accounting
- ဒုတိယနှစ်စီးပွားရေး၊ စီးပွားစီမံ အထူးပြု

❑ Process Cost Accounting
- ဒုတိယနှစ်စီးပွားရေး ၊ စီးပွားစီမံ အထူးပြု

## အများသိစေရန်

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်၊ အမှတ်(၂၁)အကွက် အမည် ညောင်ရွှေဟော်ကုန်းရပ်၊ မြေကွက်အမှတ်(၁၈၁/၃၉၈)၊ ဦးပိုင်အမှတ်(၁၁၆/က)၊ ဧရိယာ ဝ၀၁သမ၀၄၁ ဧကရှိသည့် နော်ဒေါရိမူ ၁၃/တကန(နိုင်)၀၁၀၄၉၉ အမည်ပြောင်း မြေငှားဂရမ် အမှတ်တွဲအမှတ်(၂၅၃/၁၉၉၈)အား ခင်ပွန်း ဦးသန်းထွန်း ၁၃/တကန(နိုင်)၀၂၅၉၃၃ အမည်ဖြည့်စွက် အမည်ပြောင်း မြေငှားဂရမ် လျှောက်ထားရာတွင် ဖော်ပြပါ မူရင်းဂရန် ပျောက်ဆုံးနေရာ ကန့်ကွက်လိုသူများရှိက ယနေ့မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်ရာဌာနသို့ ကန့်ကွက်နိုင်ပါကြောင်း။ **ဦးသန်းထွန်း ၁၃/တကန(နိုင်)၀၂၅၉၃၃ အမှတ်(၄၅-ခ)၊ မဟာဗန္ဓုလလမ်း ရေအေးကွင်းရပ်ကွက်၊တောင်ကြီးမြို့**





ဦးကံညွန့်မောင်
အင်္ဂလိပ်သဒ္ဒါနှင့်စကားပြောသင်တန်း
IELTS, TOEFL, SAT, GCE


## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၅၅၂၂ **mazda 929 sl** ယာဉ်လက်ဝယ်ရှိသူအမည် ဦးစံမြင့် မှတ်ပုံတင်အမှတ် ၁၂/သဃက(နိုင်)၀၂၆၈၄၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ အရှေ့ပိုင်းခရိုင်ရုံး၊ ရန်ကုန်မြို့။**

## GSM ဖုန်းပျောက်ဆုံးခြင်း

ကျွန်တော်ပိုင် GSM ဖုန်းအမှတ် ၀၉ ၅၂ ၁၀၃၉၇ မှာ မန္တလေးမြို့တွင်း တစ်နေရာတွင် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန် ကျေးဇူးဆပ်ပါမည်။ **ဒေါက်တာမျိုးဟန်ဝင်း၊ ပြည်နယ်ငှက်ဖျားဆရာဝန် အဆုတ်ဆေးရုံဝင်း၊ တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၀၃၇။**

## အမည်ပြောင်း

အဖ ဦးမောင်အေးသာ၏သမီး အထက(၃)၊ တက္ကသိုလ်ဝင်တန်း (B)မှ မညီညီဦးအား မသင်းအေးစံဟု ပြောင်းလဲခေါ်ပါရန်။ **မသင်းအေးစံ။**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက်က သုံးခွရပ်ကွက် လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးလှထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

**ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေး အဖွဲ့ အာဟာရ ရက်သတ္တပတ် လှုပ်ရှားမှုအစီအစဉ်အရ တောင်ဥက္ကလာပ မြို့နယ် ၉ ရပ်ကွက် မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းခွဲရုံးတွင် စက်တင်ဘာ ၂၂ရက်က ကျင်းပရာ မူကြိုကလေးများအား မွေးနေ့အလှူရှင် မချောချောမျိုးငယ်နှင့် မချစ်ချစ်မျိုးဦးတို့က အာဟာရ ကျွေးမွေးလှူဒါန်းစဉ်။** (၁၉၂)

## မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိနုဂ္ဂဟစာမေးပွဲ

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ ပရိယတ္တိနုဂ္ဂဟ၏(၂၃)ကြိမ်မြောက် စာမေးပွဲကို မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများက ကြီးကြပ်၍ ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ သဃ်န်းကျွန်းမြို့နယ်အတွင်း ဝါဆိုဝါကပ်ပြု၍ စာပေပရိယတ္တိကို သင်ကြားနေကြပြီး စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုလိုကြသော ရဟန်း၊ သာမဏေ၊ သီလရှင်တို့သည် အောက်တိုဘာ ၂၀ရက်အတွင်း ဆ/ခ ရပ်ကွက် အောင်ရာမြေပရိယတ္တိ စာသင်တိုက်သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ရန်ကင်းအထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကင်းမြို့နယ် အထက(၁)တွင် ၁၉၆၂ ခုနှစ်မှ ၁၉၇၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ထိုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသူကျောင်းသားဟောင်းများက နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်းရှိ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့် ဖုန်း-၅၅၇၅၀၆၊ ဦးတင်မောင်အေး ဖုန်း-၀၉-၅၂-၀၀၂၀၀၊ ဦးဇေယျာကို ဖုန်း-၀၉-၅၁-၆၇၅၅၆၊ ဦးအောင်ချို(ခ) ချိုလေး ဖုန်း-၀၉-၅၃-၂၀၆၁၃၊ ဦးစိန်လှိုင် ဖုန်း- ၅၇၈၄၂၃၊ ဒေါ်ရှုဝါ ဖုန်း-၀၉-၅၁- ၇၂၆၃၁ နှင့် ဒေါ်ခင်မြတ်သက် ဖုန်း-၀၉-၈၀-၂၄၉၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## သဲအင်းဂူ ခုနစ်ရက် တရားစခန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍဝံသ(မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များကို အောက်တိုဘာ ၅ ရက်မှ ၁၁ ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်သူများအား အကျိုးတော်ဆောင်အဖွဲ့မှ အခမဲ့ အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် အောက်တိုဘာ ၄ ရက် ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

**သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်၌ ပန်းအလှပင်များ ပျိုးထောင်မှုကို စက်တင်ဘာ ၂ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့်အင်ဂျင်နီယာမှူး ဦးခင်လှိုင်တို့ ကြည့်ရှု စစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဇော်မြင့်ဦးက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

**ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော ပုန်းညက်လမ်းရှိ ပေါင်းတံတားကို စက်တင်ဘာ ၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်း ကြည့်ရှု စစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးမိုးကျော်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



## အိုးဘိုကုန်း အလက အာစရိယပူဇော်မည်

**ပေါက်ခေါင်း စက်တင်ဘာ ၁၈**

ပဲခူးတိုင်း ပေါက်ခေါင်းမြို့ အိုးဘိုကုန်း အလက၏ တတိယအကြိမ်သက်ကြီး အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၅ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် လှိုင်းတက်ကျောင်း(ဓမ္မာရုံ)၌ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးရှိ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုသူများသည် အရာခံဗိုလ်သိန်းထွန်း ဖုန်း-၀၁-၂၇၆၁၆၆၊ ဒေါ်သန်းသန်းအေး၊ ဒေါ်စန်းစန်းဝင်း စိန်ရတနာသစ်ဆိုင် အမှတ် ၇၁ အုန်းပင်လမ်းနှင့် ဗိုလ်သူရလမ်းထောင့် ကြည့်မြင်တိုင် ဖုန်း-၀၁-၅၂၆၈၉၇၊ ၅၃၆၅၂၇နှင့် ပေါက်ခေါင်းမြို့နေ ဦးသောင်းတင် ရွှေပလောင် ရောင်းဝယ်ရေး ဖုန်း-၀၅၃-၂၄၇၆၈ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် ကျင်းပရေးကော်မတီက ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

## ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်း

**ရေး စက်တင်ဘာ ၅**

ရေးမြို့တွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဩဂုတ် ၂၅ ရက်က ရန်ကြီးအောင်ရပ်ကွက် မြသီတာ ဈေးပတ်လမ်း ရေမြောင်း တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဆောင်ရွက်ကြရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

**မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် မြို့ပြနှင့်ကျေးလက်လမ်းလုပ်ငန်းများအတွက် လမ်းခင်းကျောက်များ စုဆောင်းမှုကို ဩဂုတ် ၃၀ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့်အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်တို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# မြန်မာနိုင်ငံ၏အခြေအနေကို လုံခြုံရေးကောင်စီမှာ စဉ်းစားဖို့ ကြိုးစားခြင်းသည် အဖွဲ့ဝင်နိုင်ငံများရဲ့ လုံခြုံရေးကောင်စီကို အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုရာရောက်

# လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်လျက်ရှိ ၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးဝါးလုံးဝပပျောက်ရေး ကြိုးပမ်းဆောင်ရွက်နေ

# နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းသည့်လုပ်ငန်းကို ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် စက်တင်ဘာ ၂၈

**မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် (၆၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် မူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။**

**အဆိုပါ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–**

ကနဦးအားဖြင့် (၆၁)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးရဲ့ သဘာပတိအဖြစ် အဆွေတော် ရှိတ်ခါ ဟာယာ ရာရှစ် အဲလ်ခါလီဖာ ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ချီးကျူးဂုဏ်ပြုလိုကြောင်း ပြောကြားလိုပါတယ်။ အဆွေတော်ရဲ့ နိုင်ငံတကာဆက်ဆံရေးမှာ အတွေ့အကြုံကြွယ်ဝမှုနဲ့ ထက်မြက်တဲ့ခေါင်းဆောင်မှုတို့ကြောင့် ဒီညီလာခံကနေ ရလဒ်ကောင်းတွေ ထွက်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ ပြီးခဲ့တဲ့ ညီလာခံမှာ ပြောင်မြောက်အောင်မြင်စွာနဲ့ ခေါင်းဆောင်မှုပေးခဲ့တဲ့ မစ္စတာ ယန်အီလီ ယာဆန်ကိုလည်း ချီးကျူးဂုဏ်ပြုလိုက်ပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

# အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုသည် နိုင်ငံတော်၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုတို့ကို အဟန့်အတားဖြစ်စေသည့်အတွက် လက်မခံ ကန့်ကွက်

**မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက် ချမှတ်ခြင်းအပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃) SSA အဖွဲ့၏ သဘောထား**

**နေ့စွဲ၊ ၂၀၀၆ ခု၊ စက်တင်ဘာလ ၂၅ ရက်**

(၁) အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏တင်ပြမှုကြောင့် ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံအခြေအနေအား လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း ကြားသိရပါသည်။

(၂) မြန်မာနိုင်ငံတော်၏ ရရှိထားပြီးသော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်အညီ ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ထိခိုက်ပြီး အဟန့်အတားဖြစ်စေသည့်အတွက်ကြောင့် လက်မခံနိုင်ကြောင်းနှင့် ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**(ဗဟို)ဦးစီးကော်မတီ**
**ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃)**
**SSA အဖွဲ့**

ဆွစ်ဇာလန်နိုင်ငံ လော့ဇမ်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ(IOC)က မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်ကို ချီးမြှင့်သည့် "၂၀၀၆ခုနှစ်အတွက် အားကစားနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာဆု"ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

# အားကစားကဏ္ဍ၌ ပြည်သူပါဝင်ရန် စွမ်းဆောင်နိုင်မှု မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်သို့ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက ဆုချီးမြှင့်

သတင်းမှတ်စုနှင့်ဓာတ်ပုံ - သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၂၈**

ဆွစ်ဇာလန်နိုင်ငံ လော့ဇမ်း(Lausanne)မြို့ရှိ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ(IOC)က မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်သို့ **"၂၀၀၆ခုနှစ်အတွက် အားကစားနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာဆု"** (IOC Trophy for 2006 Sports and The Community)ကို ပေးပို့ချီးမြှင့်လိုက်ကြောင်း မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လွင်မှတစ်ဆင့် စက်တင်ဘာ ၂၆ ရက်က သိရသည်။

*စာမျက်နှာ ၁၂ ကော်လံ ၃* ✡

29-9 (20) 1 9/29/06, 12:55 AM